# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၃၄၁)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်

၂၀၁၄ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်၊ ကြာသပတေးနေ့။


ဒါန၌ တော်မင်္ဂလ မုတ္တမံ

စွန့်ကြဲပေးကမ်း
လှူဒါန်းခြင်းသည်
မြတ်သောမင်္ဂလာ မည်၏။



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယ်သာလန်နိုင်ငံဝန်ကြီးချုပ်နှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်

သည်ဟေ့ဂ် စက်တင်ဘာ ၁၀

နယ်သာလန်နိုင်ငံ၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် နယ်သာလန်နိုင်ငံဝန်ကြီးချုပ် H.E. Mr.Mark Rutte တို့သည် စက်တင်ဘာ ၉ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် သည်ဟေ့ဂ်မြို့ရှိ နယ်သာလန်နိုင်ငံဝန်ကြီးချုပ်ရုံး၌ တွေ့ဆုံဆွေးနွေးကြသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယ်သာလန်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Mark Rutte အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

| မှတ်သားဖွယ်ရာမိုးရေချိန်များ | ၁၀-၉-၂၀၁၄ |
|---|---|
| ဂန့်ဂေါမြို့ | ၂ ဒသမ ၇၂ လက်မ |
| တောင်ငူ(လေကြောင်း) | ၂ ဒသမ ၄၈ လက်မ |
| နေပြည်တော်(ဇေယျာသီရိ) | ၂ ဒသမ ၃၆ လက်မ |
| မုဒုံမြို့ | ၂ ဒသမ ၀၃ လက်မ |

## ယနေ့ မာတိကာ


ကလေးငါးဦးအားသတ်ဖြတ်မှုဖြင့် ဖခင်ဖြစ်သူကို သံသယနှင့်ဖမ်း စာ » ၄

ပိဋကတ်သုံးပုံ အသံမစဲ ရွတ်ဖတ်ပူဇော်ပွဲ ဆောင်းပါး စာ » ၆

မော်ဘီလမ်းမကြီးဘေး မိုင်တိုင်အမှတ် (၆/၁)တွင် ဓာတ်ငွေ့ပိုက်လိုင်းမှ ဂက်စ်များပန်းထွက် စာ » ၁၁

နယ်သာလန် နှစ်ပွဲဆက်တိုက်ရှုံးပွဲကြုံ စာ » ၁၃

ကော့သောင်းမြို့ အချက်အချာနေရာများတွင် CCTV ကင်မရာများတပ်ဆင်မည် စာ » ၁၈


# လမ်းတံတားများဖြင့် အစဉ်တိုးတက်နေသော မန္တလေးတိုင်းဒေသကြီး

**သတင်းဆောင်းပါးနှင့်ဓာတ်ပုံ**
**ခရမ်းစိုးမြင့်**

မန္တလေးတိုင်းဒေသကြီးသည် ထင်ရှားသော တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ၏ အလယ်ပိုင်းတွင် တည်ရှိ၍ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့နှင့်ထိစပ်လျက်ရှိသည်။ မင်းနေပြည်တော်ဖြစ်ခဲ့ဖူးသော မန္တလေးမြို့၌ မြို့ရိုး၊ ကျုံးနှင့်နန်းပြာသာဒ်တို့အပြင် မြနန်းစံကျော်ရွှေနန်းတော်ကြီးနှင့် မြန်မာ့ယဉ်ကျေးမှုအနုပညာအမွေအနှစ်များ ရှိနေခြင်းတို့ကြောင့် ယဉ်ကျေးမှု တိုင်းတစ်တိုင်းအဖြစ် လူသိများသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ✳



မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးကို ဆက်သွယ်ပေးသည့် အရှည်ဆုံးတံတားကြီး ဧရာဝတီတံတား (ပခုက္ကူ)ကို တွေ့ရစဉ်။




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# လူကုန်ကူးမှုအစဉ်သတိပြု

ကမ္ဘာ့နိုင်ငံအချို့၌ ကလေးငယ်များ အပါအဝင် အမျိုးသားနှင့် အမျိုးသမီးအားလုံး၏ လုပ်အားအပေါ်ခေါင်းပုံဖြတ်၍သော်လည်းကောင်း၊ လိင်မှုဆိုင်ရာအသုံးချရောင်းဝယ်ဖောက်ကားရန်အတွက်လည်းကောင်း လူသားအချင်းချင်းရောင်းဝယ်ဖောက်ကားသည့် လူကုန်ကူးမှုများ ပေါ်ပေါက်လျက်ရှိပါသည်။ ထိုကဲ့သို့လုပ်အားအပေါ်ခေါင်းပုံဖြတ်ခံရပြီး လူမှောင်ခိုကူးခံနေရသူများသည် ဆိုးရွားသောညှဉ်းပန်းနှိပ်စက်မှုများနှင့်လည်း ရင်ဆိုင်တွေ့ကြုံရလေ့ရှိပါသည်။

လူသားအချင်းချင်း လိမ်လည်လှည့်ဖျားရောင်းဝယ်ဖောက်ကားခြင်းအလုပ်သည် အလွန်စက်ဆုပ်ဖွယ်ကောင်းပါသည်။ ထို့ကြောင့်လည်း ကျွန်ုပ်တို့နိုင်ငံတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ လာမည့် စက်တင်ဘာ ၁၃ ရက်နေ့ကို မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ဆောင်ရွက်နေကြောင်း သိရသည်။ ဤသို့ဆောင်ရွက်ခြင်းမှာ ပြည်သူလူထုအတွင်း လူကုန်ကူးမှုနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်လာပြီး လူကုန်ကူးမှုများလျော့နည်းပပျောက်သွားစေရန်အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျောင်းများ၌ စာစီစာကုံးများ၊ ကဗျာ၊ ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲများ ကျင်းပလျက်ရှိသကဲ့သို့ မြို့ကြီးပြကြီးများ၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဟောပြောပွဲများပြုလုပ်လျက်ရှိပါသည်။ ဟောပြောပွဲများ၊ နှစ်သိမ့်ဆွေးနွေးပညာပေးပွဲများ အစရှိသဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးကို အရှိန်အဟုန်မြှင့်တင်ပြီး ဆောင်ရွက်လျက်ရှိပါသည်။

လူကုန်ကူးခံရခြင်း၏ အဓိကအကြောင်းရင်းအချက်နှစ်ချက်ရှိပါသည်။ ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများကြောင့် ပြည်ပအိမ်နီးချင်းနိုင်ငံများသို့ ရွှေ့ပြောင်းလုပ်သားအဖြစ် သွားရောက်လုပ်ကိုင်စဉ် လူမှောင်ခိုပွဲစားများ၏လှည့်ဖြားမှုကို ခံရခြင်းနှင့် မိသားစုများအတွင်း အလွန်အမင်းဆင်းရဲနွမ်းပါးခြင်းတို့ကြောင့်ပင်ဖြစ်ကြောင်း ပညာရှင်များက လေ့လာသုံးသပ်ထားပါသည်။

လူမှောင်ခိုများက ပြည်ပအိမ်နီးချင်းနိုင်ငံများသို့ရွှေ့ပြောင်းလုပ်သားအဖြစ် သွားရောက်လုပ်ကိုင်သူများကို ပစ်မှတ်ထားလျက် လူမှောင်ခိုကူးနေကြပါသည်။ ထို့အပြင် ဝင်ငွေနည်းသော အမျိုးသမီးနှင့် မိန်းကလေးငယ်များအား အလုပ်အကိုင်နှင့်သော်လည်းကောင်း၊ ငွေကြေးဖြင့်သော်လည်းကောင်း၊ မူးယစ်ထုံထိုင်းစေသောအရာများ တိုက်ကျွေးခြင်းဖြင့်သော်လည်းကောင်း စည်းရုံးသိမ်းသွင်းကာ လူမှောင်ခိုကူးလျက်ရှိပါသည်။

သို့ပါ၍ ရွှေ့ပြောင်းလုပ်သားများအဖြစ်သွားရောက်လုပ်ကိုင်လိုသူများအနေဖြင့် ပြည်ပတွင် လူမှောင်ခိုကူးခြင်းမခံရစေရေးအတွက် သတိပြုဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ အမျိုးသမီးများနှင့် ကလေးများပါမကျန် လူမှောင်ခိုကူးမှုမခံရစေရေးအတွက် အသိသတိဖြင့် စဉ်းစားဆင်ခြင်လုပ်ကိုင်ကြရန်နှင့် လူမှောင်ခိုကူးမှုအန္တရာယ်ကို ပြည်သူတစ်ရပ်လုံးက အတူတကွ လက်တွဲပူးပေါင်း တိုက်ဖျက်သွားကြရမည်ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

# စားသုံးရန်မသင့်သည့်ကုန်များ ရောင်းချမှုမရှိရေး ပြည်သူနှင့် ပူးပေါင်းစိစစ်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ရောက်ရှိနေသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် စက်တင်ဘာ ၇ ရက် နံနက် ၁၀ နာရီက ကချင်ပြည်နယ်အစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဒေါက်တာခင်မောင်ထွန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကချင်ပြည်နယ်၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနှင့် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနတို့မှ ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထူးကိစ္စတစ်ရပ်အနေဖြင့် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် တိုင်းဒေသကြီး/ပြည်နယ်အားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာ ဝန်ထမ်းများကလည်း မိမိတို့ကျရာကဏ္ဍမှ ကြိုးပမ်းပါဝင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ဝန်ထမ်းတစ်ဦးချင်းစီ၏ အရည်အသွေးပြည့်ဝအောင် ကြိုးပမ်းအားထုတ်ကြပြီး ပြည်သူအားကိုးသည့် ပြည်သူ့ဝန်ထမ်းများဖြစ်အောင် လေ့ကျင့်ကြရမည်ဖြစ်ကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးအတွက် ဈေးများ၊ ကျောင်းများတွင် အများပြည်သူနှင့် ကျောင်းသားလူငယ်များ စားသုံးရန်မသင့်သည့် စားသောက်ကုန်များ၊ သက်တမ်းကုန်အစားအသောက်များ ရောင်းချနေမှုမရှိအောင် ပြည်သူလူထုနှင့် ပူးပေါင်းစိစစ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်တွင် ကုန်သွယ်မှုစင်တာတစ်ခု တည်ထောင်နိုင်ရေးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် သက်ဆိုင်ရာဌာနများ၊ ပြည်ပမိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ်အစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဒေါက်တာခင်မောင်ထွန်းက ကချင်ပြည်နယ်၏ ကုန်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းများ အခြေအနေ၊ စားသုံးသူ အကာအကွယ်ပေးရေးဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြပြီး ဝန်ထမ်းများကို အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း (၁/၂၀၁၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၈ ရက်က ဒက္ခိဏသီရိမြို့နယ် မီးသတ်ဦးစီးဌာနမှူးရုံး၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီက သင်တန်းဖွင့်အမှာစကားပြောကြားစဉ်။**

(မြို့နယ်မီးသတ်)

### အုပ်ချုပ်ရေးမှူးဖလားဘောလုံးပြိုင်ပွဲ

**မိုင်းကိုင် စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် အုပ်ချုပ်ရေးမှူးဖလား မိုးရာသီဘောလုံးပြိုင်ပွဲကို ဩဂုတ် ၂၅ ရက်က မြို့နယ်အားကစားကွင်း၌ စတင်ကျင်းပရာ ပြိုင်ပွဲဝင်အသင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး စက်တင်ဘာ ၂၀ ရက်တွင် ဗိုလ်လုပွဲကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

# စစ်တွေမြို့၌ ပြောက်အိုးဖောက်နေခြင်းများ တားဆီးပေးစေလို

ရခိုင်ပြည်နယ်သည် ယခုအချိန်တွင် တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရေးစိုက်ဆောင်ရွက်နေရချိန်ဖြစ်သည်။စစ်တွေမြို့သည် ပြည်နယ်မြို့တော်နှင့် ကုန်သွယ်ရေး အချက်အချာမြို့ကြီးဖြစ်ပြီး ဒေသစုံမှ လူအများ နေ့စဉ်နှင့်အမျှ ဥဒဟိုသွားလာနေကြသော မြို့ဖြစ်သည်။

ယခုအခါ စစ်တွေမြို့တွင် နေရောညပါ ပြောက်အိုးများ စည်းကမ်းမဲ့ ဖောက်နေကြသည်ကို မြင်တွေ့ရသည်။ အရုပ်ဆိုးသည်မှာ ကျောင်းသား လူငယ်များသည် ကျောင်းတက်/ ကျောင်းဆင်းချိန်များတွင် အချင်းချင်းနောက်ပြောင်သည့်သဘောဖြင့် လူအုပ်ထဲသို့ ပြောက်အိုးများ ပစ်ဖောက်ကြရာမှ ခိုက်ရန်ဖြစ်ပွားသည်အထိ ဖြစ်ပွားနေကြသည်ဟုလည်း သိရသည်။ ရောင်းချသူများကလည်း စည်းကမ်းမဲ့ရောင်းချနေကြသည်ကို တွေ့ရသည်။

အထူးသဖြင့် ညသန်းခေါင်ယံ ပြောက်အိုးများ ဖောက်နေသောကြောင့် ပြည်သူအများအထိတ်တလန့်ဖြစ်နေကြရသည်ဟု သိရသည်။

စစ်တွေမြို့သား တစ်ဦးက "ပြောက်အိုးတွေဖောက်နေကြတာ စည်းမရှိ၊ ကမ်းမရှိ၊ အတားအဆီးမရှိဖြစ်နေတာပဲ၊ ညဘက်ဆို ပိုဆိုးတာပေါ့၊ လူတွေအိပ်နေတုန်း အသံကျယ်ကျယ်လောင်လောင်နဲ့ ဖောက်ကြတာ။ အင်တာနက်တွေ၊ ဖေ့စ်ဘွတ်ခ်တွေ၊ ဂျာနယ်တွေမှာ သတင်းတွေ အမျိုးမျိုးဖော်ပြနေတော့ လူတွေစိုးရိမ်နေကြပြီလေ။ ဖောက်တဲ့သူတွေက အနေသာကြီးဖြစ်ပေမယ့် ကြားရသူတွေကတော့ လန့်နေကြပြီ"ဟု ပြောပြသည်။ ပြည်သူအများ အထိတ်တလန့်မဖြစ်စေရေး၊ စိတ်လုံခြုံမှုရရှိစေရေး၊ ညဘက်တွင် စိတ်အေးလက်အေး အိပ်ပျော်နိုင်ရေးတို့အတွက် မြို့သူမြို့သားများက လိုလားလျက်ရှိကြောင်း သိရသည်။ **(လ/၀၀၃)**



### ထင်သာမြင်သာပြုပြင်စရာ






ပြည်တွင်းသတင်း

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် Shell ကုမ္ပဏီ အမှုဆောင်အရာရှိချုပ်နှင့်အဖွဲ့တို့တွေ့ဆုံ

**သည်ဟော့ဂ် စက်တင်ဘာ ၁၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား Shell ကုမ္ပဏီအမှုဆောင်အရာရှိချုပ် Mr.Ben van Beurden နှင့်အဖွဲ့သည် စက်တင်ဘာ ၉ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် သည်ဟော့ဂ်မြို့ရှိ ခေတ္တတည်းခိုသည့် Bel Air Hotel ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် Shell ကုမ္ပဏီအမှုဆောင်အရာရှိချုပ်နှင့်အဖွဲ့က မြန်မာနိုင်ငံ၌ Shell ကုမ္ပဏီ၏ရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ နည်းပညာဆိုင်ရာအကျိုးအမြတ်ရရှိမှု၊ ကမ္ဘာ့စွမ်းအင်အနေအထားနှင့် မြန်မာနိုင်ငံအတွက်အလားအလာများကို ရှင်းလင်းတင်ပြခဲ့သည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား နယ်သာလန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးပေါ်လွင်စိန်က Bel Air Hotel ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် Shell ကုမ္ပဏီအမှုဆောင်အရာရှိချုပ် Mr.Ben van Beurden နှင့်အဖွဲ့အား သည်ဟော့ဂ်မြို့ရှိ ခေတ္တတည်းခိုသည့် Bel Air Hotel ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

# ခိုင်မာသောအလုပ်သမားဥပဒေများရေးဆွဲနိုင်ခဲ့ ဝန်ဆောင်မှုနှင့် ပုဂ္ဂလိကကဏ္ဍတိုးမြှင့်လုပ်ဆောင်မည်

နေပြည်တော် စက်တင်ဘာ ၁၀

**အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏နည်းပညာအကူအညီဖြင့်ဆောင်ရွက်သည့် မြန်မာနိုင်ငံဆိုင်ရာ အကဲဖြတ်ဆန်းစစ်လေ့လာမှုအစီရင်ခံစာနှင့်စပ်လျဉ်းသည့် မူဝါဒဆိုင်ရာဖိုရမ်ကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။** (အောက်ပုံ)

ဖိုရမ်တွင် အာရှဖွံ့ဖြိုးရေးဘဏ်မှ Country Director Mr. Winfried Wickleinu က ADB ဘဏ်အနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ အကဲဖြတ်ဆန်းစစ်လေ့လာမှုအစီရင်ခံစာ၌ မြန်မာနိုင်ငံအနေဖြင့် ခိုင်မာသောအလုပ်သမားဥပဒေများရေးဆွဲနိုင်ခဲ့ပြီး ဝန်ဆောင်မှုကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍတို့ကို တိုးမြှင့်လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် စိန်ခေါ်မှုများစွာရှိနေပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသည် အာရှဒေသတွင် အဆင်းရဲဆုံးနိုင်ငံဖြစ်သည့်အတွက် ပြန်လည်ရုန်းထွက်ရန်နှင့် ၂၁ ရာစုကို ရင်ဆိုင်ကျော်လွှားရန် လုပ်ဆောင်ရမည့်လုပ်ငန်းများ ကျန်ရှိနေပါကြောင်း၊ သို့သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ ယခု အစီရင်ခံစာသည် စီးပွားရေးအခက်အခဲများနှင့် စိန်ခေါ်မှုများကို မဟာဗျူဟာ၊ နည်းဗျူဟာ ချမှတ်နိုင်ရေးအတွက် အထောက်အကူပြုမည်ထင်မြင်မိပါကြောင်း၊ ထို့ပြင် စွမ်းအင်ကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ စိုက်ပျိုးရေးနှင့်ရပ်ရွာလူထုအခြေပြုလုပ်ငန်းများတွင် ပေါင်းစပ်ကူညီဆောင်ရွက်လိုပါကြောင်းဖြင့် ပြောကြားသည်။



ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်က ယခုအစီရင်ခံစာ၌ နိုင်ငံတော်၏ချေးငွေ၊ အခွန်မြှင့်တင်ရေး၊ ဈေးကွက်စီးပွားရေးမြှင့်တင်ရေး၊ နိုင်ငံတော်၏ဝင်ငွေပိုမိုတိုးတက်ရေး၊ အခွန်အကောက်ဆိုင်ရာ တိုးမြှင့်ကောက်ခံရေးတို့ကို ထောက်ပြအကြံပြုထားပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပြုပြင်ပြောင်းလဲရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့်ငြိမ်းချမ်းရေး၊ လက်နက်ထိန်းချုပ်ရေးတို့တွင် သီးခြားရပ်တည်မနေဘဲ နိုင်ငံတကာအသိုက်အဝန်းကြားသို့ ပြန်လည်ဝင်ရောက်လာသည်ကိုတွေ့ရှိရသည်ဟု ပါရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ကောင်းမွန်သောအုပ်ချုပ်ရေးအတွက် ပြုပြင်ပြောင်းလဲမှု တတိယလှိုင်းကို ဆောင်ရွက်နေသည်ကိုတွေ့ရှိရပြီး ပြည်သူဗဟိုပြုဆွေးနွေးမှုများကိုလည်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်းကိုလည်း ဖော်ပြထားသည့်အတွက် နိုင်ငံတော်အတွက် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် ယခုအစီရင်ခံစာဆောင်ရွက်ရာတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပညာရှင်များက စာတမ်းအပေါ် ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယခုအစီရင်ခံစာနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးအဖွဲ့ခေါင်းဆောင် ဦးမြင့်က "ဒီဆွေးနွေးပွဲနှင့် ပတ်သက်ပြီးတော့ ကျွန်တော်တို့ တိုင်းပြည်အတွက် ရလဒ်ကောင်းတွေ အများကြီးရှိတာပေါ့။ မူဝါဒနဲ့ပတ်သက်ပြီး တင်ပြထားတာတွေ အများကြီးရှိတယ်။ ဒီတင်ပြချက်တွေကို ဆောင်ရွက်ဖို့တော့ လိုတာပေါ့။ သူတို့ရဲ့တင်ပြချက်၊ လေ့လာချက်တွေက အများကြီးဖြစ်တဲ့အတွက် ဆောင်ရွက်သွားမယ်ဆိုရင်တော့ အကျိုးကျေးဇူးရမှာပါ" ဟု ပြောသည်။

"စီးပွားရေးလုပ်တဲ့နေရာမှာ မမြင်ရတဲ့ ပြောင်းလဲမှုတွေရှိသလို ပြည်သူတွေ လိုလားတောင့်တတဲ့ မြင်သာထင်သာရှိတဲ့ ပြောင်းလဲမှုဆိုပြီး နှစ်မျိုးရှိတာပေါ့။ အစိုးရအနေနဲ့ မမြင်ရတဲ့ပြောင်းလဲမှုအပိုင်းမှာ တော်တော်လေးအောင်အောင်မြင်မြင်ပြောင်းလဲနိုင်ခဲ့တယ်လို့ ဆိုရမှာပေါ့။ ဥပမာအားဖြင့် ငွေကြေးဈေးကွက်တည်ငြိမ်အောင်၊ ကုန်ဈေးနှုန်းတည်ငြိမ်အောင် ထိန်းညှိတဲ့လုပ်ငန်းတွေမှာ အတော်လေးအောင်မြင်အောင် ဆောင်ရွက်နိုင်တယ်လို့ ပြောလို့ရတာပေါ့။ သို့သော်လည်း ပြည်သူလိုလားတဲ့ သိသာထင်သာမြင်သာရှိတဲ့ ပြောင်းလဲမှုတွေမှာတော့ အခုချိန်ထိ ကြိုးစားနေဆဲလို့ ပြောလို့ရပါတယ်။ ဒါပေမယ့် ပထမပိုင်းပြုပြင်ပြောင်းလဲမှုတွေမှာ ဒုတိယပြုပြင်ပြောင်းလဲမှုတွေအတွက် အရေးကြီးတဲ့အဆင့်ဖြစ်လို့ ပထမ အောင်မြင်မှုတွေကိုပါ အရေးကြီးတဲ့ အောင်မြင်မှုလို့ ပြောလို့ရပါတယ်" ဟု Myanmar Development Resources Institute-Centre Social Development မှ Executive Director ဒေါက်တာဇော်ဦးက ပြောကြားသည်။

အလားတူ ADB ဘဏ်၏ Assistant Chief Economist Cyn-Young Park ကလည်း "ဒီစာတမ်းရဲ့ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံအစိုးရအနေနဲ့ စီမံကိန်းလုပ်ငန်းတွေ ရေးဆွဲခဲ့တဲ့နေရာမှာ လိုအပ်တဲ့အချက်အလက်တွေသိရှိပြီး ပိုမိုကောင်းမွန်တဲ့စီမံကိန်းတွေ ရေးဆွဲနိုင်ဖို့ပဲဖြစ်ပါတယ်။ ယခုအစီရင်ခံစာမှာဆိုရင် မြန်မာနိုင်ငံအနာဂတ်ဖွံ့ဖြိုးတိုးတက်ဖို့ အတွက် ဘယ်ကဏ္ဍတွေကို အဓိကတွန်းအားပေးဆောင်ရွက်မယ်ဆိုတာကို ထည့်သွင်းထားပါတယ်။ ADB ဘဏ်ကလည်း မြန်မာနိုင်ငံမှာ လုပ်မယ့်လုပ်ငန်းနဲ့ ပတ်သက်ပြီး ဘာတွေအဓိက ဆောင်ရွက်မယ်ဆိုတာကိုလည်း ရည်ရွယ်ပါတယ်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေကိုလည်း မြန်မြန်ဆန်ဆန်နဲ့ ပိုမိုခိုင်မာလာအောင် အစီရင်ခံစာထဲမှာ အသေးစိတ်ဆွေးနွေးထားပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ပြုပြင်ပြောင်းလဲရေးအရှိန်အဟုန်နဲ့ ဆက်လက်ဆောင်ရွက်နိုင်အောင် ပံ့ပိုးပေးဖို့လည်း အစီအစဉ်ရှိပါတယ်" ဟု ပြောကြားသည်။ **(သတင်းစဉ်)**

# တိုင်းရင်းသားဒေသများဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်နေ

**နေပြည်တော် စက်တင်ဘာ ၁၀**

မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးစုများနေထိုင်ရာနှင့် ဆင်းရဲမှုဖြစ်ပေါ်စေသည့်ဒေသများအတွင်း အများပြည်သူဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ရေနှင့် ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများနှင့် အိုးအိမ်တည်ဆောက်ခြင်း လုပ်ငန်းများအား ဒေသခံပြည်သူများ၏ ဦးဆောင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကုလသမဂ္ဂမြို့ရွာနှင့် အိုးအိမ်ပြန်လည်ထူထောင်ရေးအစီအစဉ် (UN-HABITAT) နှင့်ပူးပေါင်း၍ **တိုင်းရင်းသားဒေသများဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးအစီအစဉ်**အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

စီမံကိန်းကာလကို ၂၀၁၄ ခုနှစ် ဇန်နဝါရီမှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအထိ သတ်မှတ်ထားပြီး ကချင်ပြည်နယ်တွင် မန်စီ၊ မိုးမောက်၊ ရွှေကူနှင့် ဝိုင်းမော်မြို့နယ်၊ ကယားပြည်နယ်တွင် ဒီမောဆိုမြို့နယ်၊ ချင်းပြည်နယ်တွင် မင်းတပ်နှင့် မတူပီမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် မုံရွာ၊ ဘုတလင်နှင့် ပုလဲမြို့နယ်နှင့် ရှမ်းပြည်နယ်တွင် ဖယ်ခုံ၊ ပင်းတယနှင့် ပင်လောင်းမြို့နယ်များ၌ စီမံကိန်းလုပ်ငန်းများအား ဂျပန်နိုင်ငံအစိုးရနှင့် အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးမှုအေဂျင်စီ(USAID) တို့၏ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၁၆ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသခံများ၏ အများသဘောတူဆန္ဒဖြင့် ရွေးချယ်အဆိုပြုသည့် အခြေခံအဆောက်အအုံနှင့် အိုးအိမ်တည်ဆောက်ခြင်းလုပ်ငန်းများ၊ ရေနှင့်ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများ၊ ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဆောင်ရွက်ပေးခြင်းဖြင့် ဒေသခံပြည်သူများ၏ အသိပညာ၊ ဗဟုသုတနှင့် လူမှုအဆင့်အတန်းများ တိုးတက်မြင့်မားလာပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ၎င်းတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်ခွင့် အခွင့်အလမ်းများ တိုးတက်မြင့်မားစေလျက်ရှိကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဆိုင်ကယ်ကယ်ရီများ သတ်မှတ်စည်းကမ်းများနှင့် အညီပြေးဆွဲရေး ပူးပေါင်းအဖွဲ့များက စစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၀**

နေပြည်တော်ကောင်စီနယ်မြေအတွင်း ပြေးဆွဲလျက်ရှိသည့် ဆိုင်ကယ်ကယ်ရီများ သတ်မှတ်ဆိုင်ကယ်ကယ်ရီဂိတ်နေရာများတွင်သာ သတ်မှတ်စည်းကမ်းများနှင့်အညီ ဂိတ်ထိုးပြေးဆွဲရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းများလိုက်နာဆောင်ရွက်ရေး သက်ဆိုင်ရာမြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီများကပူးပေါင်းစစ်ဆေး၍ ပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

နိုင်ငံတကာသတင်း

# အီရတ်နိုင်ငံ ဆာလာဟူဒင်တောင်ပိုင်းတွင် အဓိကထိုးစစ်စတင်



ဘဂ္ဂဒက် စက်တင်ဘာ ၁၀

**အီရတ်တပ်ဖွဲ့သည် အီရတ်နိုင်ငံတောင်ပိုင်း ဆာလာဟူဒင်ပြည်နယ်ရှိ အိုင်အက်စ်တက်ဖီရီအကြမ်းဖက်သမားများကို အဓိကထိုးစစ်စတင်ခဲ့သည်။ အီရတ်တပ်ဖွဲ့က ဗုဒ္ဓဟူးနေ့တွင်ဆင်နွှဲခဲ့သော စစ်ဆင်ရေးသည် အယ်လ်ဒူလျူယနှင့် ခါဇရက်ဂျ်ဒေသများတွင် အခြေအနေများ တိုးတက်ဖြစ်ပေါ်စေခဲ့သည်။**

တက်ဖီရီ အကြမ်းဖက်သမား ဒါဇင်ပေါင်းများစွာ ညတွင်းချင်း အသတ်ခံရခြင်း၊ အဖမ်းခံရခြင်းများရှိကြောင်း အစီရင်ခံစာများက ဖော်ပြထားသည်။

တနင်္လာနေ့က အိုင်အက်စ်အိုင် အယ်လ်တက်ဖီရီ အကြမ်းဖက်အုပ်စုသည် ဒူလျူယဒေသကို အကြီးအကျယ် တိုက်ခိုက်ခဲ့သော်လည်း အီရတ်တပ်သားများနှင့် ဒေသခံများက ၎င်းတို့၏ တိုက်ခိုက်မှုကို ခုခံ တွန်းလှန်နိုင်ခဲ့သည်။

ထိုစဉ်အတွင်း အီရတ်ကာကွယ်ရေးဝန်ကြီးက အန်ဘာပြည်နယ်အနောက်ပိုင်းရှိ ဘာရာဝါနာဒေသခံများအား နေအိမ်သို့ ပြန်နေကြရန် တိုက်တွန်းဆော်သြလိုက်သည်။

"အီရတ်လက်နက်ကိုင်တွေက အကြမ်းဖက်သမားတွေ ထွက်မပြေးမီ ထားရစ်ခဲ့တဲ့ နောက်ဆုံးလက်လုပ်ဗုံးတွေကို အပြီးသတ်ရှင်းလင်းပြီးပြီ" ဟု အန်ဘာတပ်မှူး ဒုတိယဗိုလ်ချုပ်ကြီး ရာရှစ်ဒ်ဖလိတ်ဂ်က ပြောခဲ့သည်။

ထို့ပြင် "ဒေသခံတွေကို ၎င်းတို့ရဲ့နေရပ်ကိုပြန်ပြီး စီးပွားရေးလုပ်ငန်းများကို ဘေးကင်းလုံခြုံစွာ လုပ်ဆောင်ဖို့လည်း ပြောကြားခဲ့ပါသေးတယ်" ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

မိုဆူးလ်ကို ဇွန် ၁၀ တွင် ထိန်းချုပ်ပြီးကတည်းက အီရတ်တပ်ဖွဲ့များသည် အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်နေခြင်းဖြစ်သည်။ တက်ဖီရီ အကြမ်းဖက်သမားများသည် ယခုလက်ရှိတွင် ဆီးရီးယား အရှေ့ပိုင်း၊ အီရတ်မြောက်ပိုင်းနှင့် အနောက်ပိုင်းဒေသများကို ထိန်းချုပ်ထားသည်။ ထို့ပြင် ၎င်းတို့သည် ရှီးယိုက်၊ ဆွန်နီ၊ ကာဒ့်၊ ခရစ်ယာန်၊ အိုင်ဇဒီကဒ့်နှင့် အခြားသော အဖွဲ့အစည်းများကို ခြိမ်းခြောက်နေပြီး ၎င်းတို့၏ ရက်စက်ကြမ်းကြုတ်မှုများကို အီရတ်တွင် ဆက်လက်ပြုလုပ်နေသည်။

အီရတ် အရာရှိကြီးများက ဆော်ဒီအာရေဗျ၊ ကာတာနှင့် ပါရှန်ပင်လယ်ကွေ့ အာရပ်နိုင်ငံများကို အကြမ်းဖက်မှုများ အခြေပြုရာ နိုင်ငံများအဖြစ် အပြစ်တင်ကြသည်။

(ပရက်စ်တီဗွီ)

## စစ်သွေးကြွခေါင်းဆောင် အသေခံဗုံးခွဲ တိုက်ခိုက်ခံရ

**ဒမတ်စကတ် စက်တင်ဘာ ၁၀**

ဆီးရီးယား အစ္စလာမ္မစ်သောင်းကျန်းသူအုပ်စုတစ်စုဖြစ်သည့် အာရာအယ်လ်ရှမ်း အုပ်စုခေါင်းဆောင် ဟတ်ဆန်အက်ဘော့သည် အခြားထိပ်တန်းတပ်မှူးများနှင့် အစည်းအဝေးပြုလုပ်နေစဉ် အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် သေဆုံးသွားခဲ့ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြခဲ့သည်။

ဆီးရီးယား အနောက်ပိုင်းမြို့ ရမ်ဟမ်ဒန်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဗုံးအင်္ကျီဝတ်ဆင်ထားသည့် အသေခံတိုက်ခိုက်ရေးသမားက ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု တက်ကြွလှုပ်ရှားသူများက ပြောခဲ့သည်။ ၎င်းအာရာအယ်လ်ရှမ်းအဖွဲ့သည် အစ္စလာမ္မစ်တပ်ဦး၏ အစိတ်အပိုင်းဖြစ်သည်။

အစ္စလာမ္မစ် စစ်သွေးကြွများအကြား ပြီးခဲ့သည့်ဖေဖော်ဝါရီလက တိုက်ခိုက်မှုဖြစ်ပွားရာ ၎င်း၏အဖွဲ့ဝင်များသေဆုံးခဲ့မှုအတွက် အာရာအယ်လ်ရှမ်းတပ်ဖွဲ့က ပြိုင်ဘက်အုပ်စုများကို ပြစ်တင်ပြောဆိုခဲ့သည်။

(ဘီဘီစီ)

## ကမ္ဘာ့ဒုတိယအကြီးဆုံး နိုင်ငံခြားရင်းနှီးမြှုပ်နှံသည့်နိုင်ငံ တရုတ်နိုင်ငံဖြစ်လာပြီး ဒေါ်လာ ၁၀၈ ဘီလီယံထိမြင့်တက်

**ပေကျင်း စက်တင်ဘာ ၁၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၂၀၁၃ ခုနှစ်အတွင်း ကမ္ဘာ့ဒုတိယအကြီးဆုံး နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံဖြစ်ရာ နှစ်နှစ်ဆက်တိုက်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းအေဂျင်စီ ဆင်ဟွာက ဖော်ပြသည်။

တရုတ်နိုင်ငံမှ အဆိုပါ တိုင်းတစ်ပါးရင်းနှီးမြှုပ်နှံမှု(အိုဒီအိုင်)သည် ပြီးခဲ့သည့်နှစ်က အမေရိကန်ဒေါ်လာ ၁၀၈ ဘီလီယံအထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း၊ ယင်းမှာ ၂၀၁၂ ခုနှစ်က အိုဒီအိုင်အပေါ် ၂၂ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း အဆိုပါသတင်းအေဂျင်စီက ဖော်ပြသည်။

ထိုအတောအတွင်း တရုတ်ကုမ္ပဏီများ ပင်လယ်ရပ်ခြားရင်းနှီးမြှုပ်နှံရာတွင် ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများ ဖြေလျှော့ပေးလိုက်ကြောင်း တရုတ်အစိုးရက တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

အဆိုပါ စည်းမျဉ်းစည်းကမ်းသစ်များသည် အောက်တိုဘာ ၆ ရက်မှစတင်၍ အကျိုးသက်ရောက်လိမ့်မည်ဟု ဆိုသည်။ ပြည်တွင်း ကုမ္ပဏီများ တိုင်းတစ်ပါးရင်းနှီးမြှုပ်နှံမှုအတွက် ပိုမိုလွတ်လပ်ခွင့်ပေးလိုက်ခြင်းဖြစ်ကြောင်း တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အပေါ် ဆင်ဟွာက ကိုးကားဖော်ပြသည်။

လောလောဆယ်တွင် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်ရင်းနှီးမြှုပ်နှံသည့် မည်သည့်တိုင်းတစ်ပါးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမဆို အဆိုပါဝန်ကြီးဌာန၏ သဘောတူညီချက်ရယူရန် လိုအပ်သည်ဟု ဆိုသည်။

(ဆင်ဟွာ)

## စွန့်ပစ်ဓာတုပစ္စည်းစက်ရုံ ပေါက်ကွဲမှုဖြစ်ပွား လူအမြောက်အမြား ဒဏ်ရာရရှိ

**ဘာလင် စက်တင်ဘာ ၁၀**

ဂျာမနီအနောက်မြောက်ပိုင်းရှိ စွန့်ပစ်ဓာတုပစ္စည်းစက်ရုံတစ်ရုံ၌ ပေါက်ကွဲမှုပြင်းထန်စွာဖြစ်ပွားခဲ့ရာ လူအမြောက်အမြား ဒဏ်ရာရရှိခဲ့ကြောင်း ယနေ့ ဘီဘီစီသတင်းဖော်ပြချက်အရ သိရသည်။

ဘရီမင်မြို့အနီးရှိ စက်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွားရာတွင် အမျိုးသားတစ်ဦး ပြင်းထန်စွာ လောင်ကျွမ်းခံရသော ဒဏ်ရာများရရှိခဲ့ပြီး ကျန်လူများ ဒဏ်ရာအနည်းငယ်စီ ရရှိကြသည်။

ယင်းစက်ရုံအနီးရှိ အိမ်များစွာကို ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ကြကြောင်း ရဲအရာရှိက ပြောခဲ့သည်။

အဆိုပါ ပေါက်ကွဲမှုသည် နာရီများစွာကြာ လောင်ကျွမ်းခဲ့သည်။ ပေါက်ကွဲမှုဖြစ်ရသည့်အကြောင်းရင်းကို မသိရသေးကြောင်း၊ အခင်းဖြစ်နေရာ အပူရှိန်ပြေမှသာ စုံစမ်းစစ်ဆေးမှုပြုလုပ်နိုင်မည်ဖြစ်ကြောင်း အာဏာပိုင်များက ပြောခဲ့သည်။

ဒေသခံများက စက်ရုံပေါက်ကွဲမှုဖြစ်ပွားသည့် အသံကို ကီလိုမီတာများစွာကပင်ကြားခဲ့ရသည်ဟု ဆိုသည်။

(ဘီဘီစီ)

## ကလေးငါးဦးအား သတ်ဖြတ်မှုဖြင့် ဖခင်ဖြစ်သူကို သံသယနှင့်ဖမ်း

**မစ္စစ္စပီ စက်တင်ဘာ ၁၀**

ကလေးငါးဦးကို သတ်ပြီး အခြားပြည်နယ်တစ်ခု၌ စွန့်ပစ်ခဲ့မှုဖြင့် အမေရိကန်ဖခင်တစ်ဦးအား သံသယရှိကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

တင်မိုသီရေးဂျုံးစ်ဆိုသူသည် ၎င်းနေထိုင်ရာ တောင်ကယ်ရိုလိုင်းနားပြည်နယ်၌ စွဲချက်များစွာကို ရင်ဆိုင်နေရကြောင်း အေပီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

၎င်းအား စနေနေ့က မစ္စစ္စပီ၌ ဆက်စပ်မှုမရှိသော စွဲချက်များဖြင့် ဖမ်းဆီးလိုက် ပြီဖြစ်သည်။ အဆိုပါ ကလေးများသည် အသက်တစ်နှစ်အရွယ်မှ ရှစ်နှစ်အရွယ်ရှိပြီး ၎င်းတို့သည် ဗုဒ္ဓဟူးနေ့က ပျောက်ဆုံးသွားခဲ့ကြောင်း၊ ယင်းတို့၏ မိခင်ဖြစ်သူက သူမ၏ခင်ပွန်းဟောင်းနှင့် အဆက်အသွယ်မရကြောင်း ရဲတပ်ဖွဲ့သို့ ပြောကြားသည်။



အာဏာပိုင်များက အဆိုပါ ကလေးများအား အင်္ဂါနေ့က တစ်နေကုန်ရှာဖွေပြီးနောက် အလာဘားမားအဝေးပြေးလမ်းမကြီးအနီး၌ မြှုပ်ထားသည့် ကလေးများကို တွေ့ရှိခဲ့ရသည်ဟု ဒေသဆိုင်ရာ မီဒီယာသတင်းတွင် ဖော်ပြသည်။

မစ္စတာဂျုံးစ်က စုံစမ်းစစ်ဆေးရေးမှူးများကို ကလေးများမြေမြှုပ်ထားသည့်နေရာသို့ လိုက်လံပြသခဲ့ကြောင်း အလာဘားမား ပြည်သူ့လုံခြုံရေးဦးစီးဌာန ပြောရေးဆိုခွင့်ရှိသူ တပ်ကြပ်ကြီး စတိမ်ဂျာရက်တ်က အင်္ဂါနေ့ သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

မစ္စတာဂျုံးစ်အား စနေနေ့က စစ်ဆေးရေးဂိတ်တစ်ခု၌ ရပ်တန့်စစ်ဆေးခဲ့ပြီး မူးယစ်ဆေးဝါးမှုနှင့်ပတ်သက်၍ ဖမ်းဆီးထားသည်။

(ဘီဘီစီ)

## အိုင်အက်စ်တိုက်ခိုက်မှုကို တိုးမြှင့်လုပ်ဆောင်ရန် သူ့တွင်တာဝန်ရှိဟု ကန်သမ္မတက ပြောကြား

**ဝါရှင်တန် စက်တင်ဘာ ၁၀**

အမေရိကန်သမ္မတ ဘားရတ်အိုဘားမားက သူ့တွင် အီရတ်နှင့် ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွများကို လွှတ်တော်၏ သဘောတူညီချက်မယူဘဲ စစ်ရေးအရ တိုက်ခိုက်မှုများပြုလုပ်သွားရန် လုပ်ပိုင်ခွင့်ရှိသည်ဟု ပြောခဲ့သည်။

အိုဘားမားသည် ဆီးရီးယား အတိုက်အခံတပ်ဖွဲ့ဝင်များကို လက်နက်များ ထောက်ပံ့ပေးရန်အတွက် သဘောတူညီချက်ရရှိရန် လွှတ်တော်သို့ ဆက်လက်တိုက်တွန်းပြောကြားသွားမည်ဖြစ်သည်။

မစ္စတာအိုဘားမားသည် ဗုဒ္ဓဟူးနေ့ညတွင် ၎င်း၏ အိုင်အက်စ်ဆန့်ကျင်ရေးနည်းဗျူဟာနှင့်ပတ်သက်ပြီး အနှစ်ချုပ်မိန့်ခွန်းပြောကြားမည်ဖြစ်သည်။

အိုင်အက်စ်စစ်သွေးကြွများသည် လွန်ခဲ့သောလအနည်းငယ်က ဆီးရီးယားနှင့် အီရတ်တို့၏ အစိတ်အပိုင်းတော်တော်များများကို လွှမ်းမိုးထားပြီး မူဆလင်ပိုင်နက်(သို့မဟုတ်) မူဆလင်နိုင်ငံအဖြစ် ကြေညာခဲ့သည်။

လွန်ခဲ့သောလက အိုင်အက်စ် စစ်သွေးကြွများသည် အီရတ်ရှိ အမေရိကန် လေကြောင်းတိုက်ခိုက်မှုဆန့်ကျင်သည့်အနေဖြင့် အမေရိကန်သတင်းထောက်နှစ်ဦးကို ခေါင်းဖြတ်သတ်ခဲ့သည်။

သမ္မတအိုဘားမားသည် အင်္ဂါနေ့က အိမ်ဖြူတော်တွင် ၎င်း၏ အိုင်အက်စ်ဆန့်ကျင်ရေး နည်းဗျူဟာများနှင့်ပတ်သက်ပြီး နှစ်ဖက်ပါတီမှ ခေါင်းဆောင်များနှင့် ဆွေးနွေးခဲ့သည်။ ၎င်းတို့ တွေ့ဆုံဆွေးနွေးပွဲမှာ အရာရောက်ခဲ့သည်ဟု ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောခဲ့သည်။

(ဘီဘီစီ)



ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# အမြန်လမ်းတွင် အငှားယာဉ်လုယူထွက်ပြေးသူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၀**

ဩဂုတ် ၂၁ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ်(၆/၇)နှင့် (၇/၀) ကြား၌ သန်လျင်မှ နေပြည်တော်သို့ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်နေ ဦးမောင်မောင်စိုး(၅၉ နှစ်) မောင်းနှင်သည့် ကာရီးနား အငှားယာဉ်တစ်စီးဖြင့် လိုက်ပါလာသော အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့က ဦးမောင်မောင်စိုးကို ဝိုင်းဝန်းထိုးကြိတ်ပြီး ယာဉ်ကိုလုယူ၍ နေပြည်တော်ဘက်သို့ မောင်းနှင်ထွက်ပြေးသွားသောကြောင့် အရေးယူပေးပါရန် မွန်းလွဲ ၂ နာရီခန့်က တိုင်တန်းသဖြင့် အမှတ်(၃)လမ်းဆုံ အမြန်လမ်းရဲစခန်းက (ပ) ၁၄/၂၀၁၄ ပြစ်မှုပုဒ်မ ၃၈၂ ဖြင့် အမှုဖွင့်စုံစမ်းခဲ့သည်။

ယာဉ်ကို ပြန်လည်ရရှိရေးနှင့် ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် အမြန်လမ်းရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့၊ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးတို့နှင့် ဆက်သွယ်စုံစမ်းဆောင်ရွက်ခဲ့ရာ ဩဂုတ် ၃၁ ရက် နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်တွင် ယာဉ်တစ်စီးရောင်းရန်ရှိကြောင်း သတင်းအရ စုံစမ်းခဲ့ရာ ရောင်းမည့်သူမှာ အမှုဖြင့်မသင်္ကာသူ ဒေါ်အေးကြည်ဖြစ်ကြောင်း သိရှိရ၍ ဝယ်ယူရန်ချိန်းဆိုခဲ့ပြီး ချိန်းဆိုထားသည့် တောင်ဥက္ကလာပမြို့နယ် စီမံကိန်းရပ်ကွက်သို့ သွားရောက်ခဲ့ကြောင်း၊ ထို့နောက် သံသုမာလမ်းပေါ်ရှိ ရတနာလမ်းထိပ်အနီးသို့ ပြောင်းလဲချိန်းဆိုသဖြင့် သွားရောက်စောင့်ဆိုင်းနေစဉ် ဒေါ်အေးကြည် ရောက်ရှိလာကာ တောင်ဥက္ကလာပမြို့နယ် (၁၄/၁) ရပ်ကွက်၊ မေတ္တာလမ်းနေ ဦးစံငြိမ်း (၆၄ နှစ်)၏ နေအိမ်သို့ ခေါ်ဆောင်သွားခဲ့ကြောင်း၊ အဆိုပါနေအိမ်ရှေ့ ဝဲဘက်ရှိ မြေကွက်လပ်၌ နံပါတ်ပြားများဖြုတ်၍ မိုးကာနှင့်အုပ်ထားသည့် လုယူသွားသောယာဉ်နှင့် နေအိမ်အတွင်းမှ ကြွပ်ကြွပ်အိတ်ဖြင့် ထုပ်ထားသော ယာဉ်၏ နံပါတ်ပြားနှစ်ချပ်တို့ကို တွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း၊ ဆက်လက်၍ ဒေါ်အေးကြည် ကိုင်ဆောင်ထားသည့် လက်ကိုင်အိတ်ကို ရှာဖွေရာ အခင်းဖြစ်စဉ်က ဦးမောင်မောင်စိုးထံမှ လုယူခဲ့သော လက်ကိုင်ဖုန်းတစ်လုံး၊ အလေးချိန် တစ်ရွေးသားခန့်ရှိ ရွှေပြားတစ်ခု၊ ပလက်တီနမ်ဆွဲကြိုး တစ်ကုံး၊ ဘူးသီးပုံ ဆွဲသီးတစ်ခု၊ ရွှေရည်စိမ်ထားသော အလေးချိန် နှစ်ကျပ်သားခန့်စီရှိ ဆွဲပြားနှစ်ကုံး၊ ခြောက်ပဲသားခန့်ရှိ ဆွဲကြိုးတစ်ကုံးနှင့် စာချုပ်စာတမ်းအဟောင်းများအား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း၊ ထို့ကြောင့် ပြစ်မှုကျူးလွန်သူ တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် ဗညားဒလလမ်းနေ ဒေါ်အေးကြည် အသက်(၅၀နှစ်)ကို စစ်မေးရာ အခင်းဖြစ်စဉ်က သန်လျင်မြို့နယ် မြို့ဟောင်းအရှေ့ရပ်ကွက်နေ သက်ကိုဦး(ခ) ရွှေအ (၃၄ နှစ်)၊ တစ်ရပ်ကွက်တည်းနေ ချစ်ကို (ခ)ဇော်ထိုက် (၂၂ နှစ်)တို့နှင့် အတူ ကျူးလွန်ခဲ့ကြောင်း၊ ယာဉ်ကို တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းရာတွင် တောင်ဥက္ကလာပမြို့နယ် (၁၄/ ၂) ရပ်ကွက်၊ ယုဇနလမ်းနေ နေလင်း(၂၃ နှစ်)က ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့ ငါးဦးကို အမှုဖြင့်ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **ကိုရဲ**

# နောင်ချိုမြို့နယ်တွင် ဘိန်းဖြူ ၄၈ ဂရမ်ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၀**

စက်တင်ဘာ ၈ ရက်က မူးယစ်တပ်ဖွဲ့စု (၂၄)လားရှိုး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီးတွင် လားရှိုးမှ မန္တလေးဘက်သို့ လှမောင်မောင်းနှင်ပြီး မဂျာဆိုင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် လေးခွက်၊ အလေးချိန် ၄၈ ဂရမ် သိမ်းဆည်းရမိသဖြင့် လှမောင်(ခ)အိုက်စိုင်း (၂၈နှစ်)၊ မဂျာဆိုင်(၂၆ နှစ်)တို့နှစ်ဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**လှမောင်နှင့် မဂျာဆိုင်တို့ကို ဖမ်းဆီးရမိ ဘိန်းဖြူဆပ်ပြာခွက်များနှင့်အတူ တွေ့ရစဉ်။**





# ဝိုင်းမော်၌ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀ ဖမ်းမိ

**နေပြည်တော် စက်တင်ဘာ ၁၀**

စက်တင်ဘာ ၈ ရက်က မူးယစ်တပ်ဖွဲ့စု (၂)မြစ်ကြီးနား မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဝိုင်းမော်မြို့နယ် ဝိုင်းမော်-ဝါရှောင် ကားလမ်းတွင် ဝါရှောင်ကျေးရွာဘက်မှ ဝိုင်းမော်မြို့ဘက်သို့ သန်းဇော်ဦးဆိုသူ မောင်းနှင်သည့် ဆိုင်ကယ်ကို ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀ သိမ်းဆည်းရမိသဖြင့် သန်းဇော်ဦး(ခ)ဇော်ဦး (၄၀ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**သန်းဇော်ဦးအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

# သယ်န်းကျွန်းမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၀**

စက်တင်ဘာ ၇ ရက်က မူးယစ်တပ်ဖွဲ့စု (၄၁) ရန်ကုန်အရှေ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သယ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက်(၅) လမ်းတွင် တွေ့ရှိသူ ခင်မောင်နှင့် မလွင်လွင်မြင့်တို့ကို ရှာဖွေရာ မလွင်လွင်မြင့်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀ သိမ်းဆည်းရမိသဖြင့် ခင်မောင် (၅၁ နှစ်)နှင့် မလွင်လွင်မြင့် (၄၇ နှစ်) တို့ နှစ်ဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။ **(သတင်းစဉ်)**

# တစ်ပတ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု

**နေပြည်တော် စက်တင်ဘာ ၁၀**

စက်တင်ဘာ ၁ ရက်မှ ၇ ရက်အထိ တစ်ပတ်အတွင်း တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ဘိန်းကိုးမှု အလေးချိန် ၃ ဒသမ ၆၉၆၉ ကီလို၊ ဘိန်းဖြူ ၅၆ မှု အလေးချိန် ၀ ဒသမ ၃၅၇၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၃ မှု ဆေးပြားအရေအတွက် ၃၄၀၃၂၀၊ အဆင့်နိမ့်ဘိန်း ရှစ်မှု အလေးချိန် ၀ ဒသမ ၇၅၇၇ ကီလို၊ ဘိန်းဆီခဲ အလေးချိန် ၀ ဒသမ ၀၀၀၄ ကီလို၊ ဘိန်းဆီရည် နှစ်မှု အလေးချိန် ၀ ဒသမ ၆၃ လစ်တာ၊ စိတ်ကြွ အကြေမှုန့် ၀ ဒသမ ၀၈၀၂ ကီလို၊ ဆေးခြောက်တစ်မှု အလေးချိန် ၁ ဒသမ ၆၃၃ ကီလို၊ ဘိန်းစာမှုန့် နှစ်မှု အလေးချိန် ၁၉ ဒသမ ၆၉၁ ကီလို၊ ဒိုင်ယာဇီပမ်ထိုးဆေးပုလင်းတစ်မှု အရေအတွက် ၁၄၁၁၀ ပုလင်း၊ ဒိုင်ယာဇီပမ်ထိုးဆေးအရည်တစ်မှု အလေးချိန် ၀ ဒသမ ၀၀၂ လစ်တာ၊ အိုက်စ်တစ်မှု အလေးချိန် ၀ ဒသမ ၀၀၅၂ ကီလို၊ အက်ဖီဒရင်းတစ်မှု အလေးချိန် ၀ ဒသမ ၃ ကီလို၊ ထရာမဒေါလ် ငါးတောင့်၊ အမှုပေါင်း ၁၃၅ မှု ဖမ်းဆီးခဲ့ရာတွင် အမျိုးသားတရားခံ ၁၇၁ ဦး၊ အမျိုးသမီးတရားခံ ၂၀ စုစုပေါင်း ၁၉၁ ဦးတို့ကို ဥပဒေအရ အရေးယူနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စိတ်ကြွရူးသွပ်ဆေးပြား ၃၃၀ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၀**

စက်တင်ဘာ ၆ရက်က မူးယစ်တပ်ဖွဲ့စု(၄၁) ရန်ကုန်အရှေ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက်(၆)လမ်း၊ အမှတ်(၄၇၃)(၅)လွှာ (အေ)နေ ရန်နိုင်၏နေအိမ်ကို ရှာဖွေရာ WY စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၃၃၀ သိမ်းဆည်းရမိ၍ ရန်နိုင်(ခ)ဇော်ကြီး (၄၄ နှစ်) အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# မန္တလေး၌ စိတ်ကြွရူးသွပ်ဆေးပြား ၇၄၅ ပြား ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၀**

စက်တင်ဘာ ၇ ရက်က မူးယစ်တပ်ဖွဲ့စု (၁၇) မန္တလေးမြောက်ပိုင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ချမ်းအေးသာစံမြို့နယ် ဆေးရုံကြီးရှေ့ လမ်း ၃၀ နှင့် ၇၅ လမ်းထောင့်တွင် ဆိုင်ကယ်မောင်းနှင်လာသူ ခင်မောင်ဌေးအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၅ ပြား သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးရောင်းချသူ အောင်မြေသာစံမြို့နယ် ဆိုရှယ်ဝင်း၊ ၈၃ လမ်း၊ ၂၃×၂၄ လမ်းကြားနေ လွင်ဦး၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၈၀ ထပ်မံသိမ်းဆည်းရမိသဖြင့် ခင်မောင်ဌေး(ခ)ကိုဌေး (၃၄ နှစ်)နှင့် လွင်ဦး(ခ) ကိုကိုလွင် (၅၂ နှစ်) တို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပုသိမ်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ၃၁၀ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၀**

စက်တင်ဘာ ၇ ရက်က မူးယစ်တပ်ဖွဲ့စု (၄၉) ပုသိမ် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်မြို့ အမှတ် (၁၄)ရပ်ကွက်နေ မမိုးမိုးအေး၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၁၀ သိမ်းဆည်းရမိသဖြင့် မမိုးမိုးအေး (၂၃ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။ **(သတင်းစဉ်)**

**မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုမှန်သမျှ တိုက်ဖျက်ကြ**



ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ပိဋကတ်သုံးပုံ အသံမစဲ ရွတ်ဖတ်ပူဇော်ပွဲ

ရတနာစည်ဆရာတော်(လွိုင်လင်)

ကိုယ့်နားကိုယ်မယုံနိုင်လောက်အောင် မွှေးထုံပျံ့သင်းသည့် ပန်းသတင်း။ ဝန်ခံရလျှင် ဤအသက် ဤအရွယ်အထိ ပထမဆုံးအကြိမ် ကြားသိရသည့် ပီတိစိတ်ပန်းသတင်း။

နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ ပါဠိတော်စာအုပ်ရေပေါင်း (၄၀)တိတိကို နေ့ညအသံမစဲ ရွတ်ဖတ်ပူဇော်မည့် ဓမ္မစွမ်းအင် မြင့်တင်ပူဇော်ပွဲ။ နေရာဒေသက ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းပွန်မြို့ သမိုင်းဝင် သကျမုနိန္ဒရုပ်ပွားတော်ကြီး စံပျော်ရာ တန်ဆောင်းတော်။ ရွတ်ဖတ်ပူဇော်ကြမည့် ရဟန်းသံဃာတော်တို့က မိုင်းပွန်မြို့ပေါ်ရော နယ်ပယ်မှာပါ တည်ရှိသည့် ကျောင်းပေါင်း ၄၀ ကျော်မှ ဘာဏကသံဃာပေါင်း ၇၀ ခန့်။ အသံမစဲ ရွတ်ဖတ်ပူဇော်ရမည့် ပါဠိတော်စာအုပ်ရေ ၄၀ ရှိ စာမျက်နှာပေါင်းက ၁၆၇၀၉ မျက်နှာ။ ခန့်မှန်းသည့် ရက်ပေါင်းက တစ်လကျော်ကျော်။ သံဃာတော် ၇၀ ခန့်တို့အတွက် တစ်လကျော်ကျော်တိုင်အောင် နေ့စဉ် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ညနေချင်းပြုတ်ရည်၊ ကြက်သွန်ပြုတ်ရည်၊ စတုမဓုစသည့် ဆက်ကပ်လှူဒါန်းမည့် (တစ်နည်းပြောရလျှင်) ပစ္စည်းလေးပါး လှူဒါန်းမည့် မိသားစုမှာ သုဓမ္မသိင်္ဂီ ဒေါ်စိန်အမျှုးပြု၍ သားသမီးများဖြစ်ကြသော 'စိန်မေတ္တာ' မိသားစုနှင့် မိုင်းပွန်မြို့ ဒါယကာ ဒါယိကာမများ။

အားကျစဖွယ်အတုယူ၊ အားရစဖွယ်ဗဟုမူ၊ သာသနာပြုကောင်းမှုဖြူ နိုင်ငံလုံး ရွှင်ပြုံးပါစေဟူ။

**ပါဠိတော်**

ရက်ရှည် လချီ နေ့ညမပြတ် ကရားရေလွှတ် တတွတ်တွတ် ဖတ်ရွတ်ပူဇော်ရမည့် ပိဋကတ်သုံးပုံပါဠိတော် ဓမ္မပူဇာကဏ္ဍနှင့်စပ်လျဉ်း၍ ပါဠိတော်အကြောင်း၊ ပိဋကတ်သုံးပုံအကြောင်းစသည်များကို အနှစ်ချုပ်မှတ်တမ်းပြုပါမည်။

'ပါဠိ'နှင့် 'တော်'သည် ဘာသာစကားနှစ်မျိုးကို ပေါင်းစပ်ထားသော ဝေါဟာရဖြစ်၏။ 'ပါဠိ'ကို မြန်မာအဘိဓာန်က 'ဗုဒ္ဓ၏စကားတော်'ဟုလည်းကောင်း၊ 'ဗုဒ္ဓဘာသာစာပေရေးသားရာ ရှေးဟောင်းဘာသာတစ်မျိုး'ဟုလည်းကောင်း ဖွင့်ဆိုပြီး 'တော်'ကို 'မြင့်မြတ်သော'ဟု နာမဝိသေသနပုဒ်အဖြစ် ဖွင့်ဆိုထားသောကြောင့် ပါဠိတော်ဟူသည် 'ဗုဒ္ဓ၏ မြင့်မြတ်သောစကား'ဟု လည်းကောင်း၊ 'ဗုဒ္ဓဘာသာစာပေရေးသားရာ ရှေးဟောင်းဘာသာတစ်မျိုး'ဟု လည်းကောင်း သိမှတ်ကြရပါသည်။ မြတ်ဗုဒ္ဓကိုယ်တော်တိုင် ကျင့်ပွားအားထုတ်၍ သိရှိလာရသည့် အလုံးစုံသိစရာတွေထဲမှ လူနတ်ဗြဟ္မာတို့အတွက် အမှန်တကယ် အကျိုးရှိမည့် အကြောင်းအရာမျှကိုသာ ခွဲခြမ်းစိတ်ဖြာပြီး ၄၅ နှစ်တာ ကာလအတွင်း ဟောကြားညွှန်ပြအပ်သော မြတ်ဗုဒ္ဓနှုတ်မြွက်စကားအစုသည် 'ပါဠိတော်' ဖြစ်ပါသည်။

**ပိဋကတ်သုံးပုံ**

ပိဋကတ်သုံးပုံဟူသော ဝေါဟာရသည် မြန်မာမှုနယ်ပယ်၌ အလွန်အကျွမ်းတဝင် တရင်းတနှီး ဖြစ်လျက်ရှိသည်။ ကလေးများကအစ ကြားဖူးနားဝရှိနေပြီးဖြစ်၏။ ပိဋကတ်သုံးပုံအထည်ဒြပ်အနေဖြင့်မူ ဘုန်းတော်ကြီးကျောင်းများရှိ စာဗီရိုကြီးတွေထဲမှ သားရေဖုံးစာအုပ်ထူထူကြီးတွေ ဖြစ်ကြပြီ။ တစ်နည်း ပြောရလျှင် တန်ခိုးကြီးဘုရားစေတီစောင်းတန်းများ၌ ရောင်းချနေကြသည့် နိဗ္ဗာန်ကုန်ဆိုင်များထဲမှ စာအုပ်ဆိုင်ကြီးများ၏ ဗီရိုကြီးတွေ အထပ်ဆင့်၌ တင်ထားသော သားရေဖုံး သို့မဟုတ် ကတ်ထူပုံး စာအုပ်ကြီးတွေဖြစ်ကြသည်။

ထို့ထက်ပို၍ ပိဋကတ်သုံးပုံအကြောင်း သိရှိသူများမှာ ဘာသာရေးလိုက်စားသော လူလတ်ပိုင်း၊ လူကြီးပိုင်းများဖြစ်ကြ၏။ သူတို့ထက်ပို၍ အကြောင်းစုံသိရှိသူ၊ တန်ဖိုးထားသူများကား ရဟန်းသံဃာတော်များ ဖြစ်ကြပါသည်။

'ပိဋက' ၏ တိုက်ရိုက်အဓိပ္ပာယ်မှာ စားသောက်စရာတွေထည့်ရသော 'ခြင်း' ဖြစ်၏။ ခြင်းထဲထည့်ထားသော အရာဝတ္ထုသည် သော့ခတ်၍ သေတ္တာထဲ အလုံပိတ်ထည့်ထားရသော အရာဝတ္ထုမဟုတ်သည်မှာ သေချာ၏။ ခြင်းထဲထည့်ထားသည့် အရာဝတ္ထုဖြစ်သောကြောင့် လတ်တလော ချက်ပြုတ်စားသောက်ရန်သာဖြစ်၏။ ထို့ကြောင့် ပိဋကတ်သုံးပုံဟူသည် လက်အုပ်ချီဂါရဝပြုနေရုံသာမဟုတ်ဘဲ စိတ်ထဲနှလုံးသားထဲအရောက် မှတ်ဉာဏ်၊ ပွားဉာဏ်၊ ပိုင်းခြားဉာဏ်ဟူသော ဉာဏ်ပါးစပ်ဖြင့် အမြဲစားသုံးနေရမည့် ကျင့်စဉ်များသာ ဖြစ်ပါတော့သည်။

ထို့ကြောင့်ပင် ၄၅ နှစ်ပတ်လုံး နေရာအနှံ့ နာယူသူအစုံတို့အား မြတ်ဗုဒ္ဓဟောကြားခဲ့သမျှ စကားတော်အများအပြားတို့ကို တိုက်ရိုက်ဖြစ်စေ၊ တစ်ဆင့်သင်ယူ၍ ဖြစ်စေ နှုတ်တက်အာဂုံ ဆောင်နိုင်ပြီးဖြစ်သော တပည့်သံဃာကြီးတို့က မြတ်ဗုဒ္ဓပရိနိဗ္ဗာန်စံပြီး သုံးလအကြာ ကာလတိုအတွင်း၌ပင် သာသနာတော်ကို အကြည်ညိုဆုံးသော ဘုရင်အဇာတသတ်၏ အာဏာစက် အထောက်အပံ့ဖြင့် ပထမအကြိမ် သင်္ဂါယနာတင်ပွဲကြီး ကျင်းပလျက် 'ပိဋက'ဟူသော 'ခြင်း' သုံးခြင်းခွဲခြားကာ ရဟန်းသံဃာများ၏ ကျင့်ဝတ်သိက္ခာပုဒ် စကားတော်တို့ကို 'ဝိနည်းပိဋက'၊ မြတ်ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်မှတ်ကျောက်ဖြစ်သည့် အနက်ရှိုင်းဆုံး စကားတော်တို့ကို 'အဘိဓမ္မာပိဋက'၊ ဘဝလမ်းညွှန်၊ သုခလမ်းညွှန်၊ သံသရာလမ်းညွှန်၊ နိဗ္ဗာန်လမ်းညွှန် စကားတော်တို့ကို 'သုတ္တန်ပိဋက' ဟု ပိဋကတ်သုံးပုံအဖြစ် မှတ်တမ်းတင်တော်မူခဲ့ခြင်းဖြင့် နှောင်းခေတ်လူသားများ စားသုံးနိုင်အောင်၊ ကျင့်သုံးနိုင်အောင် အမြော်အမြင် ကြီးမားစွာ ဆောင်ရွက်တော်မူခဲ့ကြပါသည်။

ထိုမှစ၍ သင်ကြားပို့ချ၊ သင်ယူလေ့လာ၊ စားသုံးကျင့်သုံးဟူသော ဗုဒ္ဓသာသနာအစဉ်အလာယဉ်ကျေးမှုသည် အရှိန်အဟုန်ပြင်းစွာ ပြန့်ပွားလာသလို ဗုဒ္ဓဘာသာဝင်လူသားတို့၏ နှလုံးသားအထိ စိမ့်ပျံ့စီးဝင်သွားပြီး ဗုဒ္ဓဘာသာယဉ်ကျေးမှုအဖြစ်ပါ ပြန့်ပွားထွန်းကားခဲ့ပါသည်။ ဗုဒ္ဓဘာသာယဉ်ကျေးမှုသက်ဝင်ရှင်သန်လာသည်မှစ၍ ဗုဒ္ဓဘာသာလူမှုဘဝဝယ် ရတနာသုံးပါး၊ အနန္တော အနန္တငါးပါး၊ အရိပ်ခြောက်ပါး(ဘုရားရိပ်၊ တရားရိပ်၊ သံဃာရိပ်၊ မိဘရိပ်၊ ဆရာရိပ်နှင့် ရာဇာရိပ်)စသည်တို့၌ အထွတ်အမြတ်ပြုတတ်ခြင်း၊

> **ဆရာ၊ ဒကာညီညွတ်စွာ၊ သံဃာ ပြည်သူ ကြည်ဖြူစွာ သာသနာအကျိုး မြတ်မြတ်နိုးနိုး တန်ဖိုးထားကြိုးစားနေသမျှ ကာလပတ်လုံး သာသနာ့ဂုဏ်သိန် လင်းလင်းထိန် မြန်မာအဖြစ် ကမ္ဘာ့အလယ် တင့်တယ်တောက်ပနေမည်သာ**

ပြဟ္မစိုရ်တရားနှင့် မင်္ဂလာတရားတို့၌ ကျင့်သုံးပွားများတတ်ခြင်း၊ ကြီးသူ ရိုသေ၊ ရွယ်တူလေးစား၊ ငယ်သူ သနားစသည့် ဆက်ဆံရေးယဉ်ကျေးမှု ထွန်းကားပြန့်ပွားလာခြင်း စသည်တို့ကြောင့် ပတ်ဝန်းကျင်နိုင်ငံများအလယ် တင့်တယ်တောက်ပသော နိုင်ငံဖြစ်ခဲ့သည်မှာ သမိုင်းစကားဖြစ်ပါသည်။

ထိုမှ အကြောင်းကြောင်းတို့ကြောင့် တိုင်းတစ်ပါးလက်အောက်ခံဖြစ်ခဲ့ရခြင်း၏ ရိုက်ချက်များ၊ ဒဏ်ချက်များ၊ ဒဏ်ရာများ၊ အနာဆွေးများကို ပြန်လည်ကုသနိုင်ခွင့်ကိုက်ပိုင်ရရှိခဲ့သည့် လွတ်လပ်ရေးခေတ် ပြန်သစ်ပေါ်ထွန်းလာသောအခါ အဓိကအားဖြင့် စည်းလုံးညီညွတ်မှုကို မတ်မတ်ခိုင်ခိုင်မဖော်နိုင်၍ ဖွံ့ဖြိုးတိုးတက်မှုများအားနည်းခဲ့ရခြင်း၊ မြို့ပြနှင့်ကျေးလက် ကွာဟမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကွာဟမှုများကို မချုံ့နိုင်ခြင်းစသောအခက်အခဲများ၊ အကွေ့အကောက်များကို ဖြတ်သန်းခဲ့ရင်း ယခုအချိန်တွင်သော် ဒီမိုကရေစီသက်ဝင်ရှင်သန်ရေးအတွက် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရန် စည်းလုံးညီညွတ်စွာ ကြိုးပမ်းကြရမည့် ကာလတစ်ခုကို ဖြတ်သန်းရလျက်ရှိပါသည်။

ထိုနည်းတူ ဘုရင်ခေတ်ကုန်သွားသည်နှင့် တစ်ပြိုင်နက် ပိဋကတ်သံ၊ စာပေသံများ တိုးညင်းတိတ်ဆိတ်သွားခြင်း၊ ပိဋကတ် ပေစာ ပေထုပ် ပေချပ် ပေကျမ်းများမှာ စာချစာသင်အရှင်မြတ်တို့၏ လက်ထဲ၌ မမြဲတော့ဘဲ စာဗီရိုထဲရောက်ရှိသွားကာ ဗီရိုတံခါးများပိတ်သွားတော့ခြင်း၊ 'သေသော်မှတည့် ဩော်ကောင်း၏' ညည်းညူစိတ်ပျက် ပက်လက်လန်ကုန်ခြင်းစသော လက္ခယ် သန်းခေါင် မိုးမှောင်ကာလဖြတ်သန်းရင်း 'ကိုယ့်ကိုယ်ကိုယ်ကိုး ကိုယ်ပင်နိုး' စသည်ဖြင့် ပြန်လည်နိုးထရုန်းထပြန်ကာ ပြည်သူ့ရင်သွေးကလေးသူငယ်တို့အတွက် သင်ပုန်းသံ ပြန်ညံလာအောင် သံဃာတော်များဦးဆောင်လျက် ပညာရေးနှင့်အတူ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ ချုပ်ငြိမ်းမသွားအောင် ကြိုးပမ်းကြပြီး တစ်ဖက်၌လည်း ဗုဒ္ဓစကားတော်၊ ပိဋကတ်တော်ထဲမှ မဖြစ်မနေ သင်ကြားပို့ချ၊ သင်ယူလေ့ကျင့်၊ စားသုံးကျင့်သုံးကြရမည့် ဝိနည်းပိဋက၊ အဘိဓမ္မာပိဋကနှင့် ကျယ်ဝန်းများပြားလွန်းသော သုတ္တန်ပိဋက၏ အစိတ်အပိုင်း ကျမ်းစာအချို့ကို နှုတ်တက်အာဂုံဆောင်ခြင်း၊ သဘောအဓိပ္ပာယ်ပါ သိမြင်အောင် သင်ယူခြင်းတို့ဖြင့် ပရိယတ္တိပညာရေး တိမ်ကောမသွားအောင် ကြိုးစားခဲ့ကြရပါသည်။

ထိုမှ နှစ်ပေါင်းများစွာ ကြာလာသည့်အခါ ပြန်လည်၍ မြန်မာနိုင်ငံ လွတ်လပ်ရေး ရလာပြီး သာသနာနှစ် ၂၅၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း ထေရဝါဒဗုဒ္ဓဘာသာငါးနိုင်ငံမှ သံဃာတော်ပေါင်း ၂၅၀၀ တို့ဖြင့် ကောဇာသက္ကရာဇ် ၁၃၁၈ ခုနှစ်တွင် အောင်မြင်စွာ ကျင်းပနိုင်ခြင်းနှင့်အတူ အထပ်ထပ်တည်းဖြတ် သုတ်သင်၍ သန့်စင်ပြီးဖြစ်သော ပိဋကတ်သုံးပုံပါဠိတော် အက္ခရာများကို စာရွက်ပေါ်တင်လျက် ပုံနှိပ်စက်ကြီးများဖြင့် အလျား ရှစ်လက်မ၊ အနံ ခုနစ်လက်မခွဲ အရွယ်ရှိ 'ဆဋ္ဌမူပိဋကတ်သုံးပုံ စာအုပ်ကြီးများ' အဖြစ် ထုတ်လုပ်လိုက်သောအခါဝယ် စာအုပ်ပေါင်းမှာ အုပ်ရေ ၄၀ တိတိဖြစ်လာပါသည်။

ယင်းပိဋကတ်သုံးပုံပါဠိတော်စာအုပ်ရေ ၄၀ တို့တွင် ဝိနည်းပိဋက စာအုပ်ရေ ငါးအုပ်၊ အဘိဓမ္မာပိဋက စာအုပ်ရေ ၁၂ အုပ်၊ သုတ္တန်ပိဋက စာအုပ်ရေ သုံးအုပ် စုစုပေါင်း အုပ်ရေ ၂၀ ကို 'သင်ရိုးပိဋကတ်'အဖြစ် သတ်မှတ်ထားသည့်အစဉ်အလာအတိုင်း ထိုပိဋကတ်ပါဠိတော် အုပ် ၂၀၊ စာမျက်နှာ ၇၉၈၀ ရှိ ပါဠိအက္ခရာ ဝါကျတိုင်းကို ပီပီပြင်ပြင် နှုတ်တက်အာဂုံဆောင်နိုင်ပါလျှင် 'တိပိဋကဓရ'ဘွဲ့၊ ပါဠိတော်၏ မြန်မာပြန် အဓိပ္ပာယ်များနှင့်တကွ ပါဠိတော်အဖွင့် အဋ္ဌကထာကျမ်း ဋီကာကျမ်းများ၌ လာရှိသော အဓိပ္ပာယ် သဘောတရားတို့ကို ကျွမ်းကျင်ပိုင်နိုင်စွာ ဖြေဆိုနိုင်ပါလျှင် 'တိပိဋကကောဝိဒ' ဘွဲ့များဖြင့် လွတ်လပ်ရေးသည် ဤမှာဘက် နိုင်ငံတော်အစိုးရအဆက်ဆက်တို့နှင့် ပြည်သူအဆက်ဆက်တို့က သာသနာ့အာဇာနည်ရဟန်းတော်အဆက်ဆက်တို့အား ချီးကျူးပူဇော်ခဲ့ကြသည်မှာ ယနေ့ကာလအထိ ထွန်းကားလျက်သာရှိပါသည်။

ယင်းအပြင် ကျန်သုတ္တန်ပိဋက စာအုပ်ရေ ၂၀၊ စာမျက်နှာ ၈၇၂၉ ရှိ ပါဠိတော်များကို နှုတ်တက်အာဂုံဆောင်နိုင်ပါက '. . . ဓရ'ဘွဲ့၊ သဘောရေးဖြေ အောင်မြင်ပါက '. . . ကောဝိဒ'ဘွဲ့တို့ကို ကဏ္ဍအလိုက်နိကာယအလိုက် ပိုင်းခြားလျက် ဂုဏ်ပြုပူဇော်နိုင်ရေးအတွက်လည်း လမ်းခင်းထားပြီးဖြစ်ရာ ယင်းနိကာယ လမ်းကြီး၌ ဆက်လက်လျှောက်လှမ်းနိုင်ရန် ကြိုးပမ်းကြရဦးမည်ဖြစ်ပါသည်။

ဤသည်များကား ပါဠိတော်၊ ပိဋကတ်သုံးပုံ၊ စာအုပ်အရေအတွက်၊ စာမျက်နှာအရေအတွက်စသည်ဖြင့် ဗုဒ္ဓစကားတော်၏ ကျယ်ပြန့်နက်ရှိုင်းပုံအမြွက်မျှဖြစ်ပါသည်။ ယင်းဗုဒ္ဓစကားတော်သည်ပင် ထေရဝါဒဗုဒ္ဓသာသနာ၏ တန်ဖိုးအကြီးမားဆုံးသော နှုန်းစံဖြစ်လျက်ရှိပေရာ ဗုဒ္ဓစကားတော်များ တစ်လုံးတစ်ပါဒမျှဖြစ်စေ ချွတ်ချော်တိမ်းပါးမှုမရှိစေရန်နှင့် ယင်းဗုဒ္ဓစကားတော်ပါဠိတော်များကို မှန်မှန်ကန်ကန် သိရှိနားလည်၍ ပြန်လည်ဖြန့်ဝေနိုင်ဖို့ ဦးတည်သောအခြေခံအကျဆုံးပထမပြန် စာမေးပွဲမှစပြီး ပြုပြင်သင့်သည်များ ပြုပြင်လျက် ပိုမိုရှင်သန်လှုပ်ရှားနေစေရန် ဆတိုးကြိုးပမ်းကြရဦးမည်ဖြစ်ပါသည်။ ဤသို့ ဆရာ၊ ဒကာညီညွတ်စွာ၊ သံဃာ ပြည်သူ ကြည်ဖြူစွာ သာသနာအကျိုးမြတ်မြတ်နိုးနိုး တန်ဖိုးထားကြိုးစားနေသမျှ ကာလပတ်လုံး သာသနာ့ဂုဏ်သိန်လင်းလင်းထိန် မြန်မာအဖြစ် ကမ္ဘာ့အလယ် တင့်တယ်တောက်ပနေမည်သာဖြစ်ပါသည်။

**ပိဋကတ်ပူဇော်ပွဲအောင်ပွဲ**

မူလစကားပြန်ကောက်ကြပါမည်။

ရက်ပေါင်း ၄၅ ရက်တိုင်တိုင် ရဟန်းသံဃာတော်ပေါင်း ၇၀ ကျော်တို့က မြတ်ဗုဒ္ဓ၏ မြင့်မြတ်သော စကားတော်များဖြစ်သည့် ပိဋကတ်သုံးပုံစာအုပ်ရေ ၄၀ စာမျက်နှာပေါင်း ၁၆၇၀၉ မျက်နှာကို အသံမစဲရွတ်ဖတ်ပူဇော်ပွဲကြီး အောင်မြင်ပြီးနောက် ရေစက်ချမင်္ဂလာသဘင် ဆင်ယင်ကျင်းပသော နေ့ထူးနေ့မြတ်၌ လွိုင်လင်မြို့၊ ပင်လုံမြို့၊ နမ့်စန်မြို့၊ ဟိုပုံးမြို့၊ တောင်ကြီးမြို့တို့မှ အဓိပတိဆရာတော် အပါး ၆၀ ကြွရောက်တော်မူပြီး မိုင်းပွန်ဝန်းကျင်မှ ရဟန်းတော်များအပါအဝင် ရဟန်းတော် အပါး ၂၀၀ တို့ကို နေ့ဆွမ်း ဆက်ကပ်ခြင်း၊ ပိဋကတ်ပါဠိတော်အစုံ ၁၀၀ (တစ်စုံလျှင် လက်ရောက် တန်ဖိုး တစ်သိန်းရှစ်သောင်း)ကို ကျောင်းပေါင်း ၁၀၀ သို့ ဆက်ကပ်လှူဒါန်းခြင်း၊ ရဟန်းတော်အပါး ၂၀၀ တို့ကို ဆွမ်းဆန်စိမ်း လောင်းလှူခြင်း၊ ဝန်းကျင်ကျေးရွာများနှင့် မြို့ပေါ်မှဧည့်ပရိသတ်ပေါင်း ၁၀၀၀ ကျော် တို့ကို ကျွေးမွေးဧည့်ခံခြင်းစသည်တို့ဖြင့် မိခင်ကြီး သုဓမ္မသိင်္ဂီ ဒေါ်စိန်အမျှုးပြုသည့် စိန်မေတ္တာ မိသားစု သာသနပူဇာမြတ်ကောင်းမှု နတ်လူသာခုပီတိအထု မြေသက်သေပြု နိဗ္ဗာန်ဆုဟူ၍ မုဒိတာမျှဝေ မြန်မာ့မြေအေးချမ်းပါစေ ဒူ. . ဝေ. . ဝေ။ ။

## ချောင်းဆုံမြို့နယ်၌ မြေသြဇာကျွေးခြင်းများဆောင်ရွက်

**မော်လမြိုင် စက်တင်ဘာ ၁၀**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် တောင်စွန်းကျေးရွာ ကွင်းအမှတ် (၆၅၉/ အေ) ဦးပိုင်အမှတ် (၁၄၃/ ၂) တောင်သူ ဦးလှအောင်၏ ပေါ်ဆန်းယဉ် မျိုးသန့်မိုးစပါး စံပြစိုက်ကွက် ၁၀ ဧကကို စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီက မျိုးကွဲပယ်ခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်း၊ မြေသြဇာကျွေးခြင်းနှင့် အသိပညာပေးဟောပြောပွဲပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ မွန်ပြည်နယ် မော်လမြိုင် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်ကျော်ဦးက မျိုးကွဲပယ်ခြင်း၊ GAP သိပ္ပံနည်းစနစ်တကျ စိုက်ပျိုးအလေ့အကျင့်ကောင်းများကိုလည်းကောင်း၊ ချောင်းဆုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးတင်အောင်က ပေါင်းမြက်ရှင်းလင်းခြင်း၊ မြေသြဇာကျွေးခြင်းလုပ်ငန်းများကို ပညာပေး ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ တောင်စွန်းကျေးရွာမှ တောင်သူဦးလှအောင်၏ ပေါ်ဆန်းယဉ် စံပြစိုက်ကွက် ၁၀ ဧက မျိုးသန့်စပါးခင်းကို မျိုးကွဲပယ်ခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်း၊ မြေသြဇာကျွေးခြင်းများ ကွင်းဆင်းဆောင်ရွက်မှုများကို စိုက်ပျိုးရေးခရိုင်ဦးစီးမှူးနှင့် အဖွဲ့ဝင်များက ကြည့်ရှုခဲ့သည်။

**သိန်းလှိုင်(မော်လမြိုင်)**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ရွှေရတုအထိမ်းအမှတ်ဂုဏ်ပြု

**နေပြည်တော် စက်တင်ဘာ ၁၀**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၁)ပြည်သူ့ဆေးရုံခုတင် ၅၀ ၌ ပြည်ထဲရေးဝန်ကြီးဌာန အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် ရွှေရတုပြည့်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁၈)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး တင်မျိုးထူးဦးဆောင်သော အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားအပါအဝင် အင်အား ၁၁၀ ဖြင့် စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက မြို့နယ်ဆရာဝန် ဒေါက်တာ နန်းကျော့ခိုင်ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ဆေးရုံဝင်းအတွင်းရှိ ချုံနွယ်၊ မြက်ပင်များကို ခုတ်ထွင်ရှင်းလင်းကာ စုပေါင်းလုပ်အားပေး ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**



**မင်းမင်းလတ်(ရုပ်ဗေဒ)**

ပြည်တွင်းသတင်း

# လက်ရှိမြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်၍ လူငယ်များသိရှိစေရန် စတုတ္ထအကြိမ် လူငယ်နှင့်ငြိမ်းချမ်းရေးသင်တန်းနှင့်ဖိုရမ် မော်လမြိုင်မြို့၌ ကျင်းပ



**မော်လမြိုင် စက်တင်ဘာ ၁၀**

မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန (MPC) က စီစဉ်သည့် လက်ရှိမြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်၍ လူငယ်များသိရှိစေရန် စတုတ္ထအကြိမ် လူငယ်နှင့် ငြိမ်းချမ်းရေးသင်တန်းနှင့်ဖိုရမ်ကို မော်လမြိုင်မြို့ ပြည်နယ်ခန်းမနှင့် ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့၌ စက်တင်ဘာ ၁၀ ရက်မှ ၁၄ ရက်အထိ ပြုလုပ်လျက်ရှိသည်။ **(အပေါ်ပုံ)**

မြန်မာနိုင်ငံ၏ လက်ရှိတည်ဆောက်လျက်ရှိသော နိုင်ငံတည်ဆောက်ရေး၊ အမျိုးသား သွေးစည်းညီညွတ်မှု တည်ဆောက်ရေးတို့တွင် အဓိကကျသည့် ငြိမ်းချမ်းရေးတည်ဆောက်ရေးဖြစ်စဉ်၊ လက်ရှိဖော်ဆောင်လျက်ရှိသော ငြိမ်းချမ်းရေးတည်ဆောက်ခြင်း၏ အကျိုးသက်ရောက်မှုနှင့် လက်တွေ့ကြုံတွေ့နေရသည့် စိန်ခေါ်မှုများအား ဝိုင်းဝန်းစဉ်းစားအဖြေရှာပြီး ငြိမ်းချမ်းညီညွတ်သော မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်အဖြစ်သို့ ဦးတည်၍ လူငယ်ထုတစ်ရပ်လုံး ပူးပေါင်းပါဝင်လာရန်အတွက် အဆိုပါဖိုရမ်ကို ကျင်းပခြင်းဖြစ်ကြောင်းနှင့် ယင်းရည်ရွယ်ချက်များ အချိန်တိုအတွင်း ထိရောက်မှုရှိစေရန် လေးရက်တာ သင်တန်းကိုပါ တွဲဖက်ပြုလုပ်ခြင်းဖြစ်ကြောင်း MPC က ထုတ်ပြန်ထားသည်။

ဖိုရမ်ဖြစ်မြောက်အောင် စီစဉ်သူ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန (MPC)၏ လူထုဆက်သွယ်ရေးဌာန Program မန်နေဂျာ ဒေါက်တာ သဲစုစံက "ဒီလိုလူငယ်နှင့် ငြိမ်းချမ်းရေးဖိုရမ်တွေလုပ်ရတာက အခုဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်က ဘယ်အခြေအနေထိရောက်နေပြီဆိုတာ လူငယ်တွေသိစေချင်တယ်။ နောက်တစ်ချက်က ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ ပတ်သက်ဆက်နွယ်နေတဲ့ နိုင်ငံရေးကိစ္စတွေ၊ တခြား လူမှုရေးကိစ္စတွေနဲ့ ပတ်သက်ပြီး နက်နက်ရှိုင်းရှိုင်း ဗဟုသုတရဖို့အတွက် လာလုပ်တာပါ။ နိုင်ငံရေးအခြေအနေကြီး တစ်ခုလုံးကို ခြုံငုံပြီး နားလည်သွားတဲ့အခါမှာ နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုရောက်တဲ့ အချိန်မှာ လူငယ်တွေဘယ်လိုပါဝင်ကြမလဲ။ လူထုအဖွဲ့အစည်းတွေ ဘယ်လိုပါဝင်ကြမလဲဆိုတဲ့ စိတ်ကူးတွေကိုလည်း ကြိုပြီးစဉ်းစားစေချင်လို့ပါ"ဟု ဆိုသည်။

စက်တင်ဘာ ၁၄ ရက်တွင် ပြုလုပ်မည့် လူငယ်နှင့်ငြိမ်းချမ်းရေး ဖိုရမ်(မော်လမြိုင်)၌ ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းမှ လက်ရှိ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ် အခြေအနေကို လူငယ်များအား ရှင်းလင်းပြောကြားခြင်း၊ လူငယ်များက သိလိုသည်များကို မေးမြန်းဆွေးနွေးခြင်း၊ လူငယ်ပညာရှင်များ၊ ယခင်ပြုလုပ်ခဲ့ပြီးဖြစ်သည့် သင်တန်းများတွင် တက်ကြွစွာပါဝင်ခဲ့သည့် လူငယ်များနှင့် သင်တန်းသားလူငယ်များ စုပေါင်းကာ လူငယ်စကားဝိုင်းကျင်းပခြင်း၊ MPC ၏ အထူးအကြံပေး ဒေါက်တာရင်ရင်နွယ်က ပညာရေးပြုပြင်ပြောင်းလဲမှုနှင့် ပတ်သက်ပြီး ဟောပြောဆွေးနွေးခြင်းများ ပြုလုပ်မည်ဖြစ်ကြောင်း ဒေါက်တာ သဲစုစံက ပြောပြသည်။

လူငယ်နှင့် ငြိမ်းချမ်းရေး ဖိုရမ်များကို ၂၀၁၄ ခုနှစ် မေလအတွင်းက စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး မန္တလေး၊ မုံရွာနှင့် တောင်ကြီးမြို့များ၌ ကျင်းပခဲ့ကာ မော်လမြိုင်မြို့၌ စတုတ္ထမြောက်ဖိုရမ်ကို ကျင်းပနေခြင်းဖြစ်သည်။ ကျန်ရှိနေသော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဆက်လက်ကျင်းပသွားရန် အစီအစဉ်ရှိကြောင်း MPC ၏ အထူးအကြံပေး ဦးလှမောင်ရွှေက ပြောကြားသည်။

"ပထမကတော့ conflict area (ပဋိပက္ခနယ်မြေ)တွေကို ပိုပြီး ဦးစားပေးချင်တာပါ။ ဖိုရမ်လုပ်ခဲ့ပြီးတဲ့ ရှမ်းပြည်နယ် တောင်ကြီးရော အခုမော်လမြိုင်မှာပါ ပဋိပက္ခရှိတဲ့ နေရာတွေပေါ့။ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ပြောရာမှာ ချဉ်းကပ်တာမျိုးကအစ နားလည်မှုလွဲလို့မရဘူး။ ကျွန်တော်တို့ကိုယ်က အတိမ်းစောင်းမခံနိုင်ဘူး။ အမှန်တကယ်လုပ်ချင်တာက ပြည်နယ်ခုနစ်ခုမှာ အရင်လုပ်ချင်တာ။ ပဋိပက္ခမရှိတဲ့ ဒေသကိုတော့ ဒုတိယရွေးသင့်တာပေါ့။ အခုတော့ ကျွန်တော်တို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို မျှပြီးလုပ်ဖို့ လျာထားတယ်။" ဟု ၎င်းက ဆိုသည်။

အဆိုပါ သင်တန်းပထမနေ့တွင် မွန်ပြည်နယ်အတွင်းရှိ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် စိတ်ပါဝင်စားသူ လူငယ်စုစုပေါင်း ၂၅၀ ခန့် တက်ရောက်ခဲ့ကြပြီး မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ဦးတင်မောင်သန်း၊ ဦးလှမောင်ရွှေ၊ ဦးကျော်စိုးလှိုင်နှင့် ဦးညိုအုန်းမြင့်တို့က ဆွေးနွေးသင်ကြားမည်ဖြစ်သည်။ **(သတင်းစဉ်)**

# ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဒသမပုံမှန်အစည်းအဝေးကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၀**

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (တတိယနေ့) အား စက်တင်ဘာ ၈ ရက် နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် မေးခွန်း ၃၉ ခုကို သက်ဆိုင်ရာဝန်ကြီးများက ပြန်လည်ဖြေကြားခဲ့ပြီး ဥပဒေ(မူကြမ်း) နှစ်ခု တင်သွင်းခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**

# အောင်ဇေယျကြိုးတံတားအတက် နောက်ပြန်လိမ့်၍ ကွန်တိန်နာယာဉ်တိမ်းမှောက်

**ရန်ကုန် စက်တင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ (၁)ထိပ်အောင်ဇေယျကြိုးတံတားအတက်တွင် စက်တင်ဘာ ၉ ရက် ညနေ ၅ နာရီ ၄၅ မိနစ်က ဆန်ကွဲတင်ဆောင်လာသော ကွန်တိန်နာယာဉ် ၆ခ/. . . . . သည် ကြိုးတံတားကုန်းအတက်တွင် နောက်ပြန်လိမ့်၍ ဘေးပလက်ဖောင်းနှင့်ယာဉ်ညာဘက်ဘီးများတိုက်မိကာ ကွန်တိန်နာယာဉ် တိမ်းမှောက်သွားသောကြောင့် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရန် မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့က ရှင်းလင်းဆောင်ရွက်ခဲ့ပြီး ယာဉ်မောင်းသူနှင့်အကူတို့တွင် စိုးရိမ်ဖွယ်ရာထိခိုက်ဒဏ်ရာမရခဲ့ကြောင်း သိရသည်။ **သန်းထိုက်(လှိုင်သာယာ)**



# ကျိုင်းတုံ-ဝမ်ကောင်းဘူတာကြား၌ ရထားလမ်းချုတ်ယွင်း

**ကျိုင်းတုံ စက်တင်ဘာ ၁၀**

ကျိုင်းတုံ-နမ့်စန် ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်း စီမံကိန်းကို စတင် အကောင်အထည်ဖော်ခဲ့သည့် ၂၀၁၀ ပြည့်နှစ်က ကျိုင်းတုံ-ဝမ်ကောင်း ရထားဘူတာရုံနှစ်ခုအကြား၌ အပျော်စီးရထားပြေးဆွဲခဲ့ပြီး ရထားလမ်းကြံ့ခိုင်မှု အားနည်းသဖြင့် ရပ်တန့်ခဲ့ရကြောင်း ရထားလမ်းသမိုင်းသိရှိသူတစ်ဦးက ပြောကြားသည်။ စက်တင်ဘာ ၉ ရက်က အဆိုပါရထားလမ်းသည် ကမ်းပါးယံနှစ်ခုအကြားတွင် တွယ်ရာမဲ့တွဲခိုနေပုံကို မြင်တွေ့ရသည်။

မိုင်းဇင်းကျေးရွာအုပ်စုအတွင်းရှိ ဝမ်ကောင်း၊ နောင်နွန်း၊ ဟွေခါး၊ ဝမ်ပေါင်ကျေးရွာသားများ လယ်မြေများအနီးမှ ဖြတ်သန်းဖောက်လုပ်ထားသည့် အဆိုပါရထားလမ်းကို စတင်ဖောက်လုပ်စဉ်က အောက်ခံမြေသားထု ကျစ်လျစ်ခိုင်မာမှုမရှိခြင်းကြောင့် ဝမ်ကောင်းဘူတာအနီးရှိ ရေကန်ကြီးထဲသို့ တောင်ကျရေများ ဝင်ရောက်ရာမှ ရေထွက်ပေါက်အဖြစ် သံလမ်းမြေသားကို ရေတိုက်စားကာ တောင်အနိမ့်ပိုင်းသို့ပြိုကျသွားခြင်းဖြစ်သည်။



ရေကန်ကြီးသည် တောင်နံရံပတ်လည်ဝိုင်းနေသော မြေနိမ့်ပိုင်းကို ရထားသံလမ်း၏ အောက်ခံမြေထုက ကန့်လန့်ဖြတ်ပိတ်ဆို့ဖောက်လုပ်ထားသောကြောင့် ရေကန်အဖြစ်တည်ရှိခဲ့ခြင်းဖြစ်ကြောင်း ဟွေခါးရွာမှ အငြိမ်းစားဝန်ထမ်းတစ်ဦးက ပြောကြားခဲ့သည်။ ယခုရက်ပိုင်းအတွင်း မိုးများဆက်တိုက်ရွာသွန်းနေသဖြင့် ကန်အတွင်း ရေပြည့်လျက်ရှိနေသည်။ ရေကန်အနိမ့်ပိုင်းရှိ လယ်မြေနှင့် ကျေးရွာများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မြို့နယ်တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာပြည်သူများက ကူညီလုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**ကြည်မင်းဦး**

# ဘိုကလေး၌ လူတစ်ဦး မိကျောင်းဆွဲခံရ

**ဘိုကလေး စက်တင်ဘာ ၁၀**

ဘိုကလေးမြို့နယ် စက်ကျွန်းကျေးရွာအုပ်စု လာဝိုင်းကျွန်းအရှေ့ကျေးရွာရှိ ရေကမြင်းမြစ်ဝတွင် လူတစ်ဦးမိကျောင်းဆွဲခံရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘိုကလေးမြို့နယ် စက်ကျွန်းကျေးရွာအုပ်စု လာဝိုင်းကျွန်းအရှေ့ကျေးရွာရှိ ရေကမြင်းမြစ်ဝတွင် စက်တင်ဘာ ၁၀ ရက် နံနက် ၈ နာရီခွဲက မြစ်ကမ်းစပ်တွင် လှေနှင့်ငါးဖမ်းသော လာဝိုင်းကျွန်းအရှေ့ကျေးရွာနေ ဦးကုလားကြီး (၃၄ နှစ်)ကို မိကျောင်းဆွဲသွားကြောင်း ၎င်းနှင့်အတူ ငါးရှာသူ ဦးငွေသိန်း (၆၀နှစ်) ရွှေပြည်အေးကျေးရွာနေသူ၏ ပြောပြချက်အရ သိရသည်။

အဆိုပါ မိကျောင်းဆွဲခံရသူကို ပြန်လည်တွေ့ရှိရေးအတွက် အဖွဲ့များ၊ မိသားစုဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများက လိုက်လံရှာဖွေလျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

❁ *ကျောဖုံးမှ*

တွေ့ဆုံထားပြီး မြန်မာအသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိထားသည်။ နှစ်သင်းစလုံး၏ လက်ရှိအနေအထားမှာ အကောင်းဆုံးအနေအထားတွင် ရှိနေသောကြောင့် အကြိတ်အနယ်ရှိမည့် ပွဲကောင်းဖြစ်လာနိုင်မည်ဖြစ်ပြီး အိမ်ရှင်ဗီယက်နမ်ကို မြန်မာလူငယ်တို့ ကျော်ဖြတ်နိုင်မလားဆိုသည်ကို အားပေးစောင့်ကြည့်ကြရဦးမည် ဖြစ်သည်။

# မြန်မာယူ-၂၃ အသင်း ခြေစမ်းပွဲရှုံးနိမ့်

**ရန်ကုန် စက်တင်ဘာ ၁၀**

မြန်မာယူ-၂၃အသင်းနှင့် JFLညွှန့်ပေါင်းအသင်းတို့၏ ခြေစမ်းပွဲကို ယနေ့ ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ခြေစမ်းကစားရာ JFLညွှန့်ပေါင်းအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ စုစည်းလေ့ကျင့်ရက် အနည်းငယ်သာရှိသည့် မြန်မာယူ-၂၃အသင်းသည် ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ JFL ညွှန့်ပေါင်းအသင်းသည် အာရှထိပ်သီး ဂျပန်နိုင်ငံအသင်းဖြစ်သည့်အတွက် ဘောလုံးအခြေခံရှိသည်။ ၂၅ မိနစ်တွင် ကိုယာမာ၊ ၄၇ မိနစ်တွင် တာကာတိ၊ ၈၇ မိနစ်တွင် မာယာရှီတို့က ဂိုးများသွင်းယူခဲ့သည်။ **ညီမြတ်သော်တာ**

## ပြည်တွင်းသတင်း

**ကျောဖုံးမှ**

ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ မြို့ဟောင်းများသည် အရှေ့တောင်အာရှ ဒေသအတွင်း အစောဆုံး ဗုဒ္ဓယဉ်ကျေးမှုအခြေခံသည့်မြို့တော်များအဖြစ် ရပ်တည်နိုင်ခဲ့ပါကြောင်း၊ ပျူမြို့ပြယဉ်ကျေးမှုနှင့်အတူ စီးပွားရေး၊ လူမှုဓလေ့၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးအသွင်လက္ခဏာများသည် ပုံစံသစ်၊ အသွင်သစ်တို့ဖြင့်အစောဆုံး၊ အကြီးကျယ်ဆုံး၊ သက်တမ်းအရှည်ဆုံးအဖြစ် တည်တံ့နိုင်ခဲ့ပါကြောင်း၊ ပျူမြို့တော်များသည် ဘုန်းတော်ကြီး ကျောင်းပညာရေးနှင့်အတူ ပျူစာပေအရေးအသားနှင့် ပျူအက္ခရာကိုလည်း ဖော်ညွှန်းနိုင်ခဲ့ကြပါကြောင်း၊ ပျူတို့၏ မြို့ပြစနစ်နှင့် မြို့ပြအခင်းအကျင်းများ၊ ဘာသာရေးနှင့် အခြားသော အဆောက်အအုံများဆောက်လုပ်ခြင်းဆိုင်ရာ လက္ခဏာရပ်များသည် အရှေ့တောင်အာရှတွင် ရှေးဟောင်းမြို့ပြနိုင်ငံများအပေါ် ဩဇာသက်ရောက်စေခဲ့သည်ကို တွေ့ရှိရပါကြောင်း။

အဆိုပါ ပျူမြို့ဟောင်းသုံးမြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးဆောင်ရွက်ရာတွင် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့အမွေအနှစ်ဆိုင်ရာ အမျိုးသားကော်မတီကိုဖွဲ့စည်းခဲ့ပြီး ယင်းကော်မတီနှင့်အတူ ပြည်တွင်းပြည်ပပညာရှင်များ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးသုံးခု၊ အစိုးရအဖွဲ့များနှင့်အတူ ဒေသခံများပါ အင်တိုက်အားတိုက် တက်တက်ကြွကြွနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ကူညီပံ့ပိုးမှုများ ပေးခဲ့သည်ကိုလည်း တွေ့ရှိရပါကြောင်း၊ ယဉ်ကျေးမှုနှင့် သမိုင်းကိုချစ်မြတ်နိုးသော ပြည်သူများဖြင့် ဖွဲ့စည်းထားသည့် သရေခေတ္တရာအမွေအနှစ် စောင့်ရှောက်ရေးအဖွဲ့၊ ရွှေဘုန်းပွင့် ပိဋကတ်စာကြည့်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်၊ ဗိဿနိုးယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းရေးအဖွဲ့များနှင့် ဟန်လင်းအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့ ပူးပေါင်းပါဝင်ခဲ့မှုကိုလည်း ဂုဏ်ယူဝမ်းမြောက်စွာ မှတ်တမ်းတင်ပါကြောင်း။

ပျူမြို့ဟောင်းသုံးမြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖြစ်လာစေရေး ဆောင်ရွက်ရာတွင် (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီအစည်းအဝေး၌ ကော်မတီအဖွဲ့ဝင် ၂၁ နိုင်ငံအနက် ၁၇ နိုင်ငံမှ အဖွဲ့ဝင်များက မြန်မာနိုင်ငံရှိ ပျူမြို့ဟောင်းများ၏ ထူးခြားထင်ရှားသော ယဉ်ကျေးမှု စရိုက်လက္ခဏာများ တည်ရှိနေမှု၊ အရှေ့တောင်အာရှတွင် အဦးဆုံးသော မြို့ပြတည်ထောင်မှုစနစ်ပေါ်ထွန်းခဲ့ရာ ဒေသများအဖြစ် အဆိုပြုကာ တစ်ခဲနက်ထောက်ခံခဲ့သဖြင့် ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံခဲ့ရခြင်း ဖြစ်ပါကြောင်း၊ UNESCO ညွှန်ကြားရေးမှူးချုပ်က **"ယခုလို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရခြင်းသည် မြန်မာနိုင်ငံအတွက် သမိုင်းဝင်သော အောင်မြင်မှုတစ်ခုဖြစ်ရုံသာမက လူသားစွမ်းရည်ဖွံ့ဖြိုးတိုးတက်မှု၏ ပြယုဂ်တစ်ခုလည်း ဖြစ်ပါတယ်"**ဟု ရေးသားဖော်ပြခဲ့ပါကြောင်း၊ ပျူမြို့ဟောင်း သုံးမြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများ၏ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားမှု၊ တစ်နည်းအားဖြင့် မြန်မာနိုင်ငံ၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ဖော်ထုတ်ပြသနိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများအပေါ်မှာ အခြေခံသည့် မြန်မာ့ ခရီးသွားလုပ်ငန်းများသည်လည်း ယဉ်ကျေးမှုကဏ္ဍနှင့်အတူ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

ပျူမြို့ဟောင်းသုံးမြို့သည် ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံခဲ့ရပြီးဖြစ်သော်လည်း စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များအရ ပျူရှေးဟောင်းမြို့များရှိ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းခြင်းနှင့် ရေရှည်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည့် လုပ်ငန်းများ အများအပြားရှိနေဆဲဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပျူမြို့ဟောင်း သုံးမြို့ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို နိုင်ငံတော်အစိုးရအနေဖြင့် ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ပထမအဆင့်ဖြစ်သည့် သတ်မှတ်ကာလအတွင်း လိုအပ်ချက်များ ပြီးစီးအောင် အကောင်အထည်ဖော်နိုင်ရေး၊ ဒုတိယအဆင့်ဖြစ်သည့် ကမ္ဘာ့အမွေအနှစ်ဆိုသည့် ကမ္ဘာ့အဆင့်နှင့် ညီညွတ်သည့် စည်းကမ်းတကျ ထိန်းသိမ်းစောင့်ရှောက်ရေးကိစ္စရပ်များသည် ဝန်ကြီးဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များမဟုတ်ဘဲ ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ ဒေသအုပ်ချုပ်ရေးအဆင့်ဆင့်၊ ဒေသခံအဖွဲ့အစည်းများ၊ ဒေသတွင်းနေထိုင်ကြသည့် ပြည်သူများအားလုံးက "တို့အားလုံးရဲ့ အမွေအနှစ်၊ တို့ချစ်ကြည်မြတ်နိုး ထိန်းသိမ်းစောင့်ရှောက်မည်" ဆိုသည့် အသိစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပျူမြို့ဟောင်းသုံးမြို့ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ပျူမြို့ဟောင်း သုံးမြို့ဆိုင်ရာ ကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းခြင်း၊ စီမံဆောင်ရွက်ရမည့် လုပ်ငန်းစဉ်၊ ရည်ရွယ်ချက်၊ အကြောင်းအရာနှင့် အချိန်ကာလ သတ်မှတ်ဆောင်ရွက်ရမည့် အခြေအနေများ၊ ကမ္ဘာ့အမွေအနှစ်ဒေသများဖြစ်သည့် ပျူမြို့ဟောင်းသုံးမြို့အတွက် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပျူမြို့ဟောင်း သုံးမြို့ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ပျူရှေးဟောင်းမြို့များ၏ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ်၊ ပျူရှေးဟောင်းမြို့များ၏ ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးကို ဖော်ပြသည့် လက္ခဏာ အထောက်အထားများဆိုင်ရာ ဖော်ထုတ်ရမည့်လုပ်ငန်းအစီအစဉ်၊ ပေါင်းစပ်တွဲဆက် ဖွဲ့တည်နေသော ယဉ်ကျေးမှုဆိုင်ရာ အထောက်အထားဖြစ်ကြောင်း ဖော်ထုတ်တင်ပြရမည့် လုပ်ငန်းအစီအစဉ်၊ တိကျခိုင်မာသော နယ်နိမိတ်အတိုင်းအတာတို့ကို ရေးဆွဲဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်၊ ကြုံတွေ့နိုင်သည့် အခက်အခဲ၊ အန္တရာယ်နှင့်ပတ်သက်၍ ပြင်ဆင်ထားမှု လုပ်ငန်းအစီအစဉ်၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းလုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များ၊ ဆပ်ကော်မတီများ၏ လုပ်ငန်းတာဝန်များ၊ ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက ကြုံတွေ့နိုင်သည့် အခက်အခဲ၊ အန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများနှင့် ဇုန်ဧရိယာ သတ်မှတ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ခရီးသွားဧည့်သည်များဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်နေမှု၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဒေသခံပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု၊ လူထုပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဒေသတွင်း အနီးကပ်ကြီးကြပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက ဆွေးနွေး တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကလေးသူငယ်များဖွံ့ဖြိုးတိုးတက်ရေး ရှေ့လုပ်ငန်းစဉ်များဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၀

**ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (၂/၂၀၁၄) အစည်းအဝေးကို စက်တင်ဘာ ၁၀ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပသည်။**



အခမ်းအနားတွင် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က နိုင်ငံတစ်ဝန်းလုံးရှိ ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားကို ဖော်ဆောင်နိုင်ရန်အတွက် ဝန်ကြီးဌာနအနေဖြင့် ဥပဒေ၊ မူဝါဒနှင့် လုပ်ငန်းစဉ်များကို ချမှတ်ဖော်ဆောင်လျက်ရှိပါကြောင်း၊ ဒီမိုကရေစီစံနှုန်းများနှင့် လိုက်လျောညီထွေရှိအောင် ကလေးသူငယ် ဥပဒေ(၁၉၉၃)ကို ပြန်လည်ပြင်ဆင် ရေးဆွဲလျက်ရှိပါကြောင်း၊ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ယခုဖေဖော်ဝါရီလမှာ အတည်ပြုပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာ့ရှေးဦးအရွယ် ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒကို ယခုနှစ် ဇူလိုင်လမှ အတည်ပြုပြဋ္ဌာန်းပေးခဲ့ပြီး မူဝါဒအတွက် မဟာဗျူဟာလုပ်ငန်းအစီအစဉ်ကိုလည်း ရေးဆွဲလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားလုပ်ငန်းစဉ် (၂၀၀၆-၂၀၁၅)အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ (၂၀၀၉) ခုနှစ်ကတည်းက ဖွင့်လှစ်ထားသည့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးမှုဆိုင်ရာ ပင်မအထောက်အကူပြု ဗဟိုဌာန အဆောက်အအုံသစ်ကို ယခုနှစ် ဇွန်လက ရန်ကုန်မြို့တွင် စံနမူနာအဖြစ် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ တားဆီး ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းစီမံချက်အရ ယနေ့အချိန်အထိ ကလေးသူငယ် စုစုပေါင်း ၉၅၃ ဦးအား မိဘရပ်ထံပြန်လည်ပေါင်းစည်းပေးခဲ့ပါကြောင်း၊ မိုင်းအန္တရာယ် အသိပညာပေးရေး အမျိုးသားအဆင့် လုပ်ငန်းအစီအစဉ်တစ်ရပ် ပေါ်ပေါက်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီသည် ကလေးသူငယ်ဥပဒေအရ အစိုးရအဖွဲ့ကပေးအပ်သည့် ကလေးသူငယ်ဆိုင်ရာ လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရန်နှင့် ကလေးသူငယ်၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်တာဝန်နှင့် လုပ်ပိုင်ခွင့်များ အပ်နှံခြင်းခံထားရသော အဓိက တာဝန်ရှိသူများဖြစ်ပါကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ယူနီဆက်ဖ်တို့ ပူးပေါင်း၍မြို့နယ် ၂၅ မြို့နယ်တွင် ၂၀၀၈-၂၀၀၉ ခုနှစ်မှစတင်၍ စီမံချက်များချမှတ်ကာ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများကို (၉၅)ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ကလေးသူငယ် အရေးကိစ္စပေါင်း ၁၂၁၅ ခုကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ပြောင်းလဲလာသည့်ခေတ်သစ်၊ စနစ်သစ်နှင့်အညီ တတိယအဆင့် အရှိန်အဟုန်မြင့် ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များအတိုင်း မြန်မာနိုင်ငံအတွင်းရှိ ကလေးသူငယ်များအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး ရှေ့လုပ်ငန်းစဉ်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဘုန်းဆွေက ရှင်းလင်းတင်ပြ၍ တိုင်းဒေသကြီး/ပြည်နယ်လူမှုရေးဝန်ကြီးများက မိမိတို့၏ဒေသအလိုက် ဆောင်ရွက်ထားရှိမှုနှင့် ရှေ့ဆက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးသည်။ ထို့နောက် ကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့သည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ (၂/၂၀၁၄) အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် အဆိုပါ ဝန်ကြီးရုံးစုပေါင်းခန်းမ၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် စီမံကိန်း ၂၀၁၃-၂၀၂၂ ကို အောင်မြင်စွာ ရေးဆွဲပြီးဖြစ်၍ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ဖြန့်ဝေခဲ့ပြီးဖြစ်ပါကြောင်း၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် အကောင်အထည်ဖော် ဆောင်ရွက်မှုအနေဖြင့် စတုတ္ထနှင့် ပဉ္စမအကြိမ် ပူးတွဲ အစီရင်ခံစာနှင့်ပတ်သက်ပြီး အစီရင်ခံစာပါ အင်္ဂလိပ်စာအသုံးအနှုန်းနှင့် အရေးအသားများကို စိစစ်နိုင်ရန်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ပေးပို့ထားပြီး ဖြစ်ပါကြောင်း၊ စိစစ်ပြီးပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူပြီး UNCEDAW ကော်မတီသို့ တင်သွင်းမည်ဖြစ်ပါကြောင်း၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေးဥပဒေကို ယခုနှစ်အကုန်တွင် ပြဋ္ဌာန်းနိုင်ရေးအတွက် ဦးစီးကော်မတီ၊ အကြံပေးကော်မတီနှင့် လုပ်ငန်းကော်မတီသုံးရပ်ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်များ အခွင့်အရေး၊ ကာကွယ်စောင့်ရှောက်ရေး ကော်မရှင်နှင့် အာဆီယံအမျိုးသမီးရေးရာကော်မတီအစည်းအဝေးကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၃ ရက်မှ ၁၇ ရက်အထိ အိမ်ရှင်နိုင်ငံအဖြစ် ရန်ကုန်မြို့၌ ကျင်းပဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံများမှ အမျိုးသမီးကိုယ်စားလှယ်များ ၆၀၀ ခန့် တက်ရောက်မည့် အမျိုးသမီးဖိုရမ် (၂၀၁၄) ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၄ ရက်မှ ၅ ရက်အထိ နေပြည်တော်နှင့် ရန်ကုန်မြို့တို့၌ ကျင်းပဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမှ အမျိုးသမီး ၁၀၀ ခန့်ကို Speaker အဖြစ်လည်းကောင်း၊ Participants အဖြစ်လည်းကောင်း ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် စတင်စုဆောင်းနေပြီဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယနေ့ကျင်းပသော အဆိုပါ အစည်း အဝေးများသို့ ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၊ အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးကော်မတီ၊ ဒုတိယဝန်ကြီးများ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဝင်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီဝင်များ၊ တိုင်းဒေသကြီး /ပြည်နယ်များမှ လူမှုရေးဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်ပေး

**ရန်ကုန် စက်တင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများသည် မိုးပွင့်အဆင့်(၆) စီမံချက်ဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်း ရပ်ကွက် အမှတ် (၇) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက ကျောင်းသား ကျောင်းသူ ၇၀ အား အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။ **တင်ထွန်းအောင်**

ပြည်တွင်းသတင်း

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် ဦးခင်မောင်စိုးတို့ နယ်သာလန်နိုင်ငံရှိ စက်ရုံနှင့်မွေးမြူရေးခြံများ ကြည့်ရှုလေ့လာ

သည်ဟော့ဂ် စက်တင်ဘာ ၁၀

**နိုင်ငံတော်သမ္မတ၏ ဥရောပသုံးနိုင်ငံခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါသွားကြသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးတို့သည် စက်တင်ဘာ ၈ ရက် နံနက်ပိုင်းတွင် နယ်သာလန်နိုင်ငံ သည်ဟော့ဂ်မြို့အနီးရှိ Dutch Dairy စက်ရုံသစ်သို့ရောက်ရှိပြီး နို့နှင့်နို့ထွက်ပစ္စည်းများပူးပေါင်းထုတ်လုပ်ရေး၊ နည်းပညာဖလှယ်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များ၊ အပြန်အလှန်လေ့လာမှုအစီအစဉ်များကို ဆွေးနွေးကြသည်။**

ဆက်လက်၍ လွန်ခဲ့သော နှစ်ပေါင်း ၄၀၀ ခန့်က စတင်တည်ထောင်ခဲ့ကာ ၂၀၁၄ ခုနှစ်တွင် တစ်နှစ်လျှင် ချိစ် ကီလိုသန်း ၃၄၀ အထိ ထုတ်လုပ်လျက်ရှိသော နောက်ဆုံးပေါ်နည်းပညာများဖြင့် တည်ဆောက်ထားသည့် စက်ရုံများအား လိုက်လံကြည့်ရှုကြသည်။

ထို့နောက် နို့စားနွားခြံနှင့် မွေးမြူရေးခြံများ တည်ထောင်ရေး၊ တိရစ္ဆာန်ဆေးဝါး၊ တိရစ္ဆာန်အစာနှင့် အာဟာရဆိုင်ရာ အစားအစာများ ထုတ်လုပ်ရေးတို့ကို ဆွေးနွေးခဲ့သည်။

ယင်းနောက် လွန်ခဲ့သော နှစ်ပေါင်း ၄၀၀ ခန့်က စတင်ကာ ပင်လယ်ရေပြင်မှ ၄ မီတာအထိ နိမ့်ကျနေသော မြေပြင်ကို လူ့စွမ်းအားဖြင့် ရေနုတ်မြောင်းအဆင့်ဆင့်တူးဖော်ကာ အလွန်လှပသည့် ကျေးရွာတစ်ရွာအဖြစ် တည်ထောင်ထားပြီး ကျေးရွာအား ရှေးမူမပျက် ထိန်းသိမ်းထားရှိကာ လက်ရှိအချိန်အထိ မိသားစုများ ဘိုးစဉ်ဘောင်ဆက် စောင့်ရှောက်ထားသည့် ရှေးဟောင်းကျေးရွာများအား သွားရောက်လေ့လာခဲ့ကြသည်။

ထိုကျေးရွာအတွင်း အသုံးပြုနေဆဲ ရေနုတ်မြောင်းများ၊ ရေယာဉ်ငယ်များ၊ ရှေးဟောင်းပစ္စည်းများအား သွားရောက်လေ့လာခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ကမ္ဘာ့အမွေအနှစ်များ ရှေးဟောင်းသမိုင်းဝင် ဒေသများဖြစ်သည့် ပျူမြို့ဟောင်း၊ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ဒေသများအား ထိန်းသိမ်းရာတွင် လိုအပ်သော နည်းပညာများ ပေါင်းစပ်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# (၄၆)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ ပထမအကြိမ်အာဆီယံပေါင်းစပ်ဆက်သွယ်မှုမဟာစီမံကိန်း အမျိုးသားညှိနှိုင်းရေးမှူးအစည်းအဝေးနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၀**

နေပြည်တော် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁)၌ ဩဂုတ် ၂၅ ရက်မှ ၂၈ ရက်အထိ ကျင်းပခဲ့သည့် (၄၆) ကြိမ်မြောက် အာဆီယံစီးပွားရေး ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ Hotel Max ၌ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၈ ရက်က ကျင်းပခဲ့သည့် ပထမအကြိမ် အာဆီယံပေါင်းစပ်ဆက်သွယ်မှုမဟာစီမံကိန်း အမျိုးသားညှိနှိုင်းရေးမှူး အစည်းအဝေးတို့နှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲ ၂ နာရီတွင် ကျင်းပသည်။

သတင်းစာ ရှင်းလင်းပွဲတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါ်လဲ့လဲ့သိန်း **(ယာပုံ)**က (၂၈)ကြိမ်မြောက် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသကောင်စီ အစည်းအဝေး၊ (၁၇)ကြိမ်မြောက် အာဆီယံ ရင်းနှီးမြှုပ်နှံမှုဒေသကောင်စီအစည်းအဝေး၊ (၄၆) ကြိမ်မြောက်အာဆီယံ စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊(၁၂)ကြိမ်မြောက် အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီအစည်းအဝေးတို့ကို ဩဂုတ် ၂၅ ရက်တွင် လည်းကောင်း။

ဆက်စပ်အစည်းအဝေးများဖြစ်သည့် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံ၊ ကနေဒါနိုင်ငံ၊ ရုရှားသမ္မတနိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများ၊ အမေရိကန်ပြည်ထောင်စု ကုန်သွယ်ရေးကိုယ်စားလှယ်တို့၏ ညှိနှိုင်းအစည်းအဝေးများ၊ +၃ (တရုတ်၊ ဂျပန်၊ ကိုရီးယား)နိုင်ငံ၊ ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဝန်ကြီးအဆင့် အစည်းအဝေး၊ အရှေ့အာရှ စီးပွားရေးဝန်ကြီးများ ထိပ်သီး အစည်းအဝေး၊ အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အာဆီယံစီးပွားရေး အကြံပေးကောင်စီညှိနှိုင်းအစည်းအဝေးတို့ကို ဩဂုတ် ၂၆ ရက်မှ ၂၈ ရက်အထိ လည်းကောင်း ကျင်းပခဲ့ပါကြောင်း။

အစည်းအဝေးကာလအတွင်း သဘောတူစာချုပ်၊ အခြေပြစာချုပ်၊ အစီအစဉ် ခုနစ်ခုကို လက်မှတ်ရေးထိုးခဲ့နိုင်ပါကြောင်း။

အေအီးစီ အကဲဖြတ်မှတ်တမ်းအရ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအထိ အာဆီယံတစ်ခုလုံး အနေဖြင့် ၈၂ ဒသမ ၁ ရာခိုင်နှုန်း အကောင်အထည်ဖော်ပြီးစီးပါကြောင်း၊ အာဆီယံ အကောက်ခွန်ဖြေလျှော့ရေးနှင့် စပ်လျဉ်း၍ သွင်းကုန်ခွန်အတွက် ကုန်စည်လိုင်းများ၏ ၈၉ ရာခိုင်နှုန်းကို ဖယ်ရှားပြီးဖြစ်ကြောင်း။

စီအယ်လ်အမ်ဗွီ နိုင်ငံများအတွက် အကောက်ခွန်ဖယ်ရှားမှုကို ၂၀၁၈ ခုနှစ်အထိ ဖြေလျှော့ပေးသွားမည်ဖြစ်ကြောင်း နယ်ပယ်အသီးသီးတွင် အကောင်အထည်ဖော်နိုင်မှုများကို ပြောကြားခဲ့သည်။

ဆက်လက်၍ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် ကျင်းပခဲ့သည့် အာဆီယံပေါင်းစပ်ဆက်သွယ်မှုမဟာစီမံကိန်း အကောင်အထည်ဖော်ရေးအမျိုးသားညှိနှိုင်းရေးမှူး၏ ပထမအကြိမ် အစည်းအဝေးနှင့်စပ်လျဉ်း၍ မဟာစီမံကိန်းကို Physical Connectivity (ရုပ်ဝတ္ထုဆိုင်ရာ ပေါင်းစပ်ဆက်သွယ်မှု) Institutional Connectional Connectivity (အဖွဲ့အစည်းဆိုင်ရာ ပေါင်းစပ်ဆက်သွယ်မှု) နှင့် People-to-People Connectivity (နိုင်ငံများကြား ပြည်သူအချင်းချင်း ဆက်သွယ်မှု) နယ်ပယ်သုံးရပ်ဖြင့် စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီးက မိမိတို့နိုင်ငံအလိုက် အကောင်အထည်ဖော်ရေးဆိုင်ရာ ဖွဲ့စည်းမှုနှင့် ဆောင်ရွက်နေရသည့် ယန္တရားတို့ကိုဆွေးနွေးတင်ပြခဲ့ကြကြောင်း၊ အဓိကအားဖြင့် ဘဏ္ဍာရေးအထောက်အပံ့နှင့် နည်းပညာအကူအညီများ လိုအပ်ကြောင်းကို ဆွေးနွေးခဲ့ကြကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် သတင်းထောက်များ၏ မေးမြန်းချက်များကို ဒုတိယဝန်ကြီးနှင့် သက်ဆိုင်ရာ ဌာနကိုယ်စားလှယ်များက ဖြေကြားသည်။



သတင်းစာရှင်းလင်းပွဲသို့ သတင်းဌာနများနှင့် ဘာသာရပ်ဆိုင်ရာ ဌာနများမှ ကိုယ်စားလှယ် ၆၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

ချုပ်လုပ်ကာ ပြည်ပတင်ပို့နိုင်သည့် လုပ်ငန်းများအဖြစ် ပြောင်းလဲလာခြင်းတို့ကြောင့် အထည်ချုပ်လုပ်ငန်းမှ ဝင်ငွေပိုမိုရရှိလာနိုင်ပြီး လုပ်သားများအတွက်လည်း လစာနှုန်းထားများ ပိုမိုကောင်းမွန်လာနိုင်ကြောင်း ယမန်နေ့က ကျင်းပခဲ့သည့် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းနှစ်ပတ်လည်အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဦးမြင့်စိုးက ပြောကြားသည်။

လက်ခစားစနစ်ဖြင့် အထည်များလက်ခံချုပ်လုပ်နေရခြင်းမှာ ၂၀၁၃ ခုနှစ်အတွင်း လုပ်ငန်းပြန်လည်ကောင်းမွန်လာခဲ့ပြီး ယခုနှစ်တွင်လည်း လုပ်ငန်းများ ကောင်းမွန်လာခဲ့သည်။

သို့သော်လုပ်ငန်းရှင်များအနေဖြင့်စီအမ်ပီစနစ် (လက်ခစားစနစ်) ဖြင့် ဆက်လက်လုပ်ကိုင်နေပါက အထည်ချုပ်လုပ်ငန်းအလားအလာမှာ နိုင်ငံခြားလက်ဝေခံအဖြစ်သာ ကျန်ရှိနေနိုင်ပြီး အကျိုးအမြတ်အနေဖြင့် အလွန်နည်းပါးနေရပြီး ကိုယ်တိုင် တင်ပို့ရောင်းချနိုင်ပါက ယခုထက် ထက်ဝက်နီးပါး အကျိုးအမြတ်ထပ်မံရရှိလာနိုင်ကာ တိုင်းပြည်၏ ဝင်ငွေရရှိမှုနှုန်းများလည်း မြင့်တက်လာပြီး အလုပ်သမားများအားလည်း လစာပိုမိုပေးအပ်နိုင်မည်ဖြစ်သည်။ ထို့အပြင် အသင်းမှ တာဝန်ရှိသူများနှင့် ကိုရီးယား၊ ဆွစ်ဇာလန်နှင့် ကနေဒါအစရှိသည့် နိုင်ငံများမှ လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံကြပြီး ပြည်တွင်းအထည်ချုပ်ကဏ္ဍအတွင်း လာရောက်ရင်းနှီးမြှုပ်နှံရန် ခေါ်ယူထားမှုများရှိကြောင်း သိရသည်။

"လုပ်ငန်းတစ်ခုချင်း အနေနဲ့ ကိုယ်တိုင်တင်ပို့တာမျိုး ရှိလာပါပြီ။ သို့သော် နိုင်ငံတော်နဲ့ အသင်းတွေ၊ အဖွဲ့အစည်းတွေကပံ့ပိုးပေးရင်တော့ ပိုပြီးမြန်မြန်ဆန်ဆန် တင်ပို့နိုင်မှာပါ။ အကျိုးတူပူးပေါင်းမှုတွေကနေ အရင်ဆုံးစတင်ပြီး ကိုယ်တိုင်တင်ပို့နိုင်တဲ့အထိ ကြိုးပမ်းသွားကြမယ်" ဟု အထည်ချုပ်လုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိတွင် တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် အထည်ချုပ်စက်ရုံပေါင်း ၁၂၀၀ ဝန်းကျင်ရှိနေပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စက်ရုံအရေအတွက် ၃၀၀ ခန့်ရှိသည်။ စက်ရုံအများစုမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ တည်ရှိကြပြီး မကြာမီ အကောင်အထည် ပေါ်လာတော့မည့် သီလဝါအထူးစီးပွားရေးဇုန်တွင်လည်း အများဆုံးထွက်ပေါ်မည့် စက်ရုံများမှာ အထည်ချုပ်စက်ရုံများပင်ဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များက ခန့်မှန်းထားကြသည်။

**(မြန်မာ့အလင်း)**

☼ *ရှေ့ဖုံးမှ*

ဧရာဝတီမြစ်၊ မြစ်ငယ်မြစ်၊ ပန်းလောင်မြစ်၊ စမုံမြစ်၊ ဇော်ဂျီမြစ်တို့က တိုင်းဒေသကြီးအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိပြီး တိုင်းဒေသကြီးတစ်ခုလုံး ၁၄၂၉၄ ဒသမ ၇၂ စတုရန်းမိုင် ကျယ်ဝန်းသည်။

တိုင်းဒေသကြီးအတွင်း ခရိုင်ပေါင်း ရှစ်ခရိုင်၊ မြို့နယ်ပေါင်း ၃၆ မြို့နယ်၊ မြို့နယ်ခွဲ နှစ်ခု၊ မြို့ပေါင်း ၃၆ မြို့၊ ရပ်ကွက်ပေါင်း ၃၁၆ ရပ်ကွက်၊ ကျေးရွာအုပ်စု ပေါင်း ၁၆၀၄ အုပ်စုနှင့် ကျေးရွာပေါင်း ၅၅၈၀ ရှိပြီး နိုင်ငံတော်အစိုးရက သတ်မှတ်ထားသည့် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုအတွင်း၌ မန္တလေးဒေသ၊ မိတ္ထီလာဒေသနှင့် မြင်းခြံဒေသတို့ ပါဝင်ကြသည်။ တိုင်းဒေသကြီးအတွင်း လမ်းပေါင်း ၆၃ လမ်း၊ မိုင်ပေါင်း ၁၅၈၅ မိုင် ၅ ဖာလုံ ရှိပြီး ထိုလမ်းများအနက်မှ ယခုအခါ ပြည်ထောင်စုအစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်းပေါင်း ၃၃ လမ်း၊ မိုင်ပေါင်း ၁၃၂၃ မိုင်ကို စီမံခန့်ခွဲလျက်ရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က လမ်းပေါင်း ၃၀၊ မိုင်ပေါင်း ၂၆၂ မိုင်ကို စီမံခန့်ခွဲလျက်ရှိသည်။

ပေ ၁၈၀ အထက်မြစ်ကူးတံတားကြီးများမှာ တိုင်းဒေသကြီးအတွင်း မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦးဘက်ကမ်းနှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ကို ဆက်သွယ်ဖောက်လုပ်ထားသော မြန်မာ့အရှည်ဆုံးတံတားကြီး ဧရာဝတီတံတား(ပခုက္ကူ) နှင့် တိုင်းဒေသကြီး၏ အလှဆုံး ကျက်သရေဆောင် ဧရာဝတီတံတား (ရတနာပုံ) အပါအဝင် တံတားပေါင်း ၁၈ စင်းကို နိုင်ငံတော်အစိုးရက တည်ဆောက်ပေးထားသည်။

ထို့အပြင် တိုင်းဒေသကြီးအတွင်း တည်ဆောက် ဖွင့်လှစ်ပေးခဲ့သော ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှာ ဓာတ်အားမဂ္ဂါဝပ် ၉၇၀ ထွက်ရှိသည့် ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ဓာတ်အားမဂ္ဂါဝပ် ၂၈၀ ထွက်ရှိသည့် ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ဓာတ်အားမဂ္ဂါဝပ် ၅၆ ထွက်ရှိသည့် ကင်းတားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ဓာတ်အားမဂ္ဂါဝပ် ၄၀ ထွက်ရှိသည့် နန်ချိုရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့်ဓာတ်အားမဂ္ဂါဝပ် ၂၅ ထွက်ရှိသည့်ဆည်တော်ကြီး ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံများရှိပြီး မြန်မာတစ်ပြည်လုံးသို့ မဟာဓာတ်အားလိုင်းမှ ဖြန့်ဖြူးပေးလျက်ရှိသည်။

တည်ဆောက်ဆဲစက်ရုံများမှာ ဓာတ်အားမဂ္ဂါဝပ် ၁၄၀ ထွက်ရှိမည့် အထက်ရဲရွာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ဓာတ်အားမဂ္ဂါဝပ် ၁၄၀ ထွက်ရှိမည့် အထက်ပေါင်းလောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံနှင့် ဓာတ်အားမဂ္ဂါဝပ် ၆၀ ထွက်ရှိမည့် အထက်ဆည်တော်ကြီး ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ ဖြစ်သည်။

သတင်းသမား ကျွန်တော်သည် မန္တလေးတိုင်းဒေသကြီး အတွင်း သတင်းခရီးဆန့်ခဲ့စဉ်က တိုင်းအတွင်း၌ အခက်အခဲသိပ်မရှိခဲ့သော်လည်း မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦးမှ ပခုက္ကူသို့သွားခဲ့သောခရီး၌ ဇက်ရေယာဉ်ပေါ် ကားတင်ရန် စောင့်ဆိုင်းခဲ့ရပြီး တင်ပြီးပြန်တော့လည်း ကြာမြင့်စွာဖြင့် ဧရာဝတီမြစ်ကြီးအတွင်း ကွေ့ပတ်သွားနေရသဖြင့် ခရီးမတွင်ဖြစ်ခဲ့ရသလို မန္တလေးမှ မိုးကုတ်သတင်းခရီး၌ ကားနှင့် အကွေ့ပေါင်း ၉၉ ကွေ့ကို ကွေ့ကာပတ်ကာမောင်းတက်ပြီးမှ မိုးကုတ်သို့ရောက်ခဲ့ရသော ခရီးစဉ်မျိုးနှင့် ကြုံခဲ့ရဖူးသည်။

ယခုတော့ ထိုသို့ မဟုတ်တော့ပြီ။ မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦးမှ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူသို့သွားလိုလျှင် ဧရာဝတီတံတား (ပခုက္ကူ)ပေါ်မှ ဖြတ်သန်းသွားလာနိုင်သကဲ့သို့ ပြင်ဦးလွင်မှ မိုးကုတ်သို့ သွားလိုလျှင်လည်းတိုက်ရိုက်သွားနိုင်သော ကားလမ်းများရှိပြီဖြစ်သောကြောင့် မန္တလေးတိုင်းဒေသကြီးသည် နိုင်ငံတော်က တည်ဆောက်ဖောက်လုပ်ခဲ့သော လမ်းတံတားကြီးများကြောင့်ဆက်သွယ်သွားလာရေး ချောမွေ့လျက်ရှိပြီး ဒေသတွင်း အစဉ်ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပြီ ဖြစ်သည်။




# မျက်စိနာရောဂါ ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်

မျက်မြှေးရောင်ရောဂါ တစ်နည်းအားဖြင့် မျက်စိနာရောဂါသည် များသောအားဖြင့် Adeno virus ပိုးကြောင့်ဖြစ်ပွားပြီး အဖြစ်များသော မျက်စိရောဂါဖြစ်သည်။ ရောဂါဖြစ်ပွားလျှင် ၁၀ ရက်မှ ၁၂ ရက်ခန့်အထိ ကြာမြင့်တတ်ပါသည်။ ကူးစက်မြန်သော ရောဂါတစ်မျိုးဖြစ်သဖြင့် တစ်ဦးတစ်ယောက်ရောဂါစဖြစ်လျှင် အခြားသူများသို့ လျင်မြန်စွာ ကူးစက်ပြန့်ပွားသွားနိုင်ပါသည်။ မျက်စိနာရောဂါကပ်အသွင်ဖြစ်ပွားပါက နောက်ဆက်တွဲဆိုးကျိုးများခံစားရခြင်းနှင့် လူမှုရေး၊ စီးပွားရေးဆုံးရှုံးမှုများ ကြုံတွေ့နိုင်ပါသည်။

ရောဂါဖြစ်ပွားပါက မျက်စိယားယံခြင်း၊ မျက်ရည်ယိုခြင်း၊ မျက်စိနီရဲခြင်း၊ မျက်ဝတ်များထွက်ခြင်း၊ မျက်စိနာကျင်ရောင်ရမ်းခြင်း၊ အလင်းရောင် မကြည့်နိုင်ခြင်း၊ ရောဂါပိုမိုဆိုးရွားလာခြင်းများ ဖြစ်နိုင်ပါသည်။ ရောဂါဖြစ်ပွားပါက မျက်စိနာသူ၏ မျက်လုံးတစ်ဝိုက်ကို ရေနွေးဆွတ်ထားသောဂွမ်းဖြင့် တစ်နေ့နှစ်ကြိမ်ခန့် သန့်စင်ပေးရပါမည်။ သန့်စင်ပေးပြီးပါက သန့်စင်ပေးသူသည် လက်ကို ဆပ်ပြာဖြင့် သေချာစွာဆေးကြောရပါမည်။ ဆရာဝန်ညွှန်ကြားသည့် မျက်စဉ်းကိုသာ အသုံးပြုရပါမည်။ မျက်စဉ်းမခတ်မီနှင့် ခတ်ပြီးတိုင်း လက်ဆေးရပါမည်။ ရောဂါဖြစ်သူ၏ လက်၊ အဝတ်အစား၊ အသုံးအဆောင် (အထူးသဖြင့် အမျိုးသမီးမျက်နှာအလှပြင်ပစ္စည်းများ) စုပေါင်းအသုံးပြုခြင်းတို့မှတစ်ဆင့် အခြားသူများသို့ လျင်မြန်စွာ ရောဂါကူးစက်နိုင်ပါသည်။

မျက်စိနာရောဂါကာကွယ်နိုင်ရန် မျက်စိနာသူ၏ မျက်နှာသုတ်ပဝါ၊ လက်ကိုင်ပဝါ၊ အဝတ်အစား၊ အမျိုးသမီးမျက်နှာအလှပြင်ပစ္စည်းနှင့် အသုံးအဆောင်များကို အတူသုံးစွဲခြင်း လုံးဝမပြုလုပ်ရပါ။ သီးခြားလျှော်ဖွပ်သန့်စင်ရပါမည်။ မျက်စိနာသူနှင့် နီးကပ်စွာ အတူနေထိုင်သူတို့တွင် ရောဂါကူးစက်လွယ်သဖြင့် အထူးသတိပြုရပါမည်။ မိခင်နှင့် ကလေးတို့မှာ အလွန်နီးစပ်သဖြင့် ကူးစက်နှုန်း မြန်ဆန်ပါသည်။

သို့ဖြစ်ပါ၍ မျက်စိနာရောဂါကာကွယ်ရန် ပြည်သူများအနေဖြင့် တစ်ကိုယ်ရေ သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ခြင်း၊ လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်းနှင့် ရောဂါဖြစ်ပွားလာပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းနှင့် ကျန်းမာရေးဌာနများတွင် ဆောလျင်စွာပြသ၍ စနစ်တကျ ဆေးကုသမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# မိုးလေဝသ အခြေအနေ

**နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်**တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်**တွင် ယနေ့မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မိုး/ဇလ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

## ယာဉ်တိမ်းမှောက်၍ ခရီးသည်အချို့ဒဏ်ရာရ

**အုတ်ဖို စက်တင်ဘာ ၁၀**

ရန်ကုန်-ပြည်အဝေးပြေးလမ်း မိုင်တိုင်(၁၀၉/၃)နှင့် ၄ အကြားတွင် စက်တင်ဘာ ၆ ရက်က ဟိုင်းလတ်(အနီရောင်)ခရီးသည်တင်ယာဉ် တိမ်းမှောက်မှုဖြစ်ပွားရာ ခရီးသည်အချို့ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အုတ်ဖိုမြို့နယ် အေးမြသာယာနယ်မြေရဲစခန်းအပိုင် ရန်ကုန်-ပြည် ကားလမ်းတွင် ပေါင်းတည်စွယ်တော်မှပြန်လာသော ယာဉ်မောင်း ဇော်မင်းထွန်း(၃၄ နှစ်)မောင်းနှင်လာသည့် ဟိုင်းလတ် (အနီရောင်)ခရီးသည်တင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ်ပါရှိသူ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး ၁၆ ဦး စုစုပေါင်း ၂၄ ဦး ဒဏ်ရာရရှိခဲ့သည်။

သတင်းရလျှင်ရချင်း အေးမြသာယာစခန်းမှူး ရဲအုပ်ဌေးကျော်နှင့် အဖွဲ့ဝင်များ အခင်းဖြစ်ရာသို့ရောက်ရှိပြီး ကွပ်ကဲကြပ်မတ်ကာ ဒဏ်ရာရရှိသူများအား အေးမြသာယာပြည်သူ့ဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့ကြောင်းနှင့် တာဝန်မှူး ဒုရဲအုပ်နေမျိုးထွန်းက ယာဉ်မောင်း ဇော်မင်းထွန်းအား အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **အောင်သူ(အုတ်ဖို)**

## ရေလွှမ်းမှုတွင် တင်ကျန်သည့်နုန်းနှင့် အမှိုက်များရှင်းလင်း

**တာချီလိတ် စက်တင်ဘာ ၁၀**

စက်တင်ဘာ ၆ ရက်က တောင်ကျရေတစ်ရှိန်ထိုးစီးဆင်းမှု ဖြစ်ပွားခဲ့ခြင်းကြောင့် တာချီလိတ်မြို့ ရေလွှမ်းခံရသည့် ဖြစ်စဉ်တွင် ရေများပြန်လည် ကျဆင်းသွားသော်လည်း ရေစီးနှင့်အတူပါလာသည့် နုန်းများ၊ အမှိုက်များ တင်ကျန်ခဲ့ရာ အချို့နေရာများတွင် နုန်းထုမှာ နှစ်ပေကျော်အထိ ရှိနေသည်။

အဆိုပါနုန်းများ၊ အမှိုက်များ ကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဇော်နိုင်ဦး ဦးဆောင်သော တပ်မတော်သားများ၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးကျော်ဇင် ဦးဆောင်သည့် စည်ပင်ဌာနမှ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ အသင်းအဖွဲ့များက ယာဉ်ယန္တရားများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မောင်ယဉ်ကျေး**



## မှော်ဘီလမ်းမကြီးဘေး မိုင်တိုင်အမှတ် (၆/၁)တွင် ဓာတ်ငွေ့ပိုက်လိုင်းမှ ဂက်စ်များပန်းထွက်

**ရန်ကုန် စက်တင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လိပ်ပုပ်ကျေးရွာ အမှတ် (၄) လမ်း မိုင်တိုင်အမှတ် (၆/၁)တွင် မြေအောက်မှ ကားလမ်းနှင့်ယှဉ်၍ ဆက်သွယ်ထားသော ဓာတ်ငွေ့ပိုက်မှ ဂက်စ်များပန်းထွက်မှု ဖြစ်ပွားသောကြောင့် မှော်ဘီမြို့နယ်နှင့် တိုက်ကြီးမြို့နယ်ရှိ မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက အနီးအနားရှိပြည်သူများနှင့် ဖြတ်သန်းသွားလာနေသောယာဉ်များ ထိခိုက်မှုမဖြစ်စေရန် မြန်ဆန်စွာဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ယနေ နံနက် ၁၀ နာရီခွဲမှာ အဲဒီဂက်စ်ပိုက်က ဝုန်းကနဲ အသံကြားလိုက်တယ်"ဟု အနီးရှိရွာသားတစ်ဦးက ပြောကြားခဲ့ပြီး မှော်ဘီမြို့နယ် မီးသတ်ဦးစီးမှူး ဦးဇော်မင်းဦးက " နံနက် ၁၁ နာရီခွဲမှာ သတင်းရရချင်း ထွက်လာတာပါ။ ဆက်ပြီး သတင်းပို့လိုက်တဲ့အတွက် တာဝန်ရှိသူတွေ ဂက်စ်ပိုက်လိုင်းကို ပိတ်လိုက်ပါပြီ" ဟု ပြောကြားသည်။



ဂက်စ်များပန်းထွက်၍ မီးခိုးလုံးပမာအငွေ့များ လွင့်ပျံ့နေသောကြောင့် ယာဉ်ကြောကို ခေတ္တပိတ်ထားခဲ့ပြီး အနီးရှိဟန်နီကယ်ဘီယာစက်ရုံ တည်ဆောက်ရေးလုပ်သားများ လုပ်သားနားနေဆောင်မှ ကားလမ်းတစ်ဖက်သို့ ယာယီပြောင်းရွှေ့ရှောင်ရှားခဲ့ကြကာ မွန်းလွဲ ၁ နာရီခွဲအထိ ဂက်စ်များပန်းထွက်လျက်ရှိကြောင်း၊ ဖြစ်စဉ်ကိုလည်း စုံစမ်းလျက်ရှိကြောင်း သိရသည်။ **သန်းထိုက်(လှိုင်သာယာ)**

## ကျောက်မဲမြို့၌ မော်တော်ယာဉ်မှူးဟောင်းများအား ထောက်ပံ့ငွေပေးအပ်

**ကျောက်မဲ စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့တွင် မော်တော်ယာဉ်လိုင်းပေါင်းစုံ စည်းကမ်းထိန်းသိမ်းရေး ကော်မတီ၏ ၂၀၁၄ ခုနှစ် သင်းလုံးကျွတ် နှစ်ပတ်လည် အစည်းအဝေးနှင့် ၆၅ နှစ်အထက် ယာဉ်မှူးဟောင်းကြီးများ ထောက်ပံ့ငွေပေးအပ်ပွဲကို စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

**ပြောကြား**

အဆိုပါ အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်လွင်၊ မထသကော်မတီဥက္ကဋ္ဌ ဦးကိုကိုမောင်၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်မောင်အေးတို့က အမှာစကားပြောကြားပြီး မြို့နယ် မထသ၏ လုပ်ငန်းဆောင်ရွက်မှုများကို အတွင်းရေးမှူး ဦးကျော်စွာကလည်းကောင်း၊ ငွေစာရင်းရှင်းတမ်းများကို စာရင်းစစ် ဦးအိုက်ထွန်းကလည်းကောင်း ရှင်းလင်းဖတ်ကြားပြီး ဥက္ကဋ္ဌဦးကိုကိုမောင်က အတည်ပြုချက် ရယူပေးခဲ့သည်။ ဆက်လက်၍ အသက် ၆၅နှစ်အထက် ယာဉ်မှူးဟောင်းကြီး ၂၂ ဦး တို့အား တစ်ဦးလျှင် ငွေကျပ်ငါးသောင်းစီ ထောက်ပံ့ပေးအပ်ခဲ့ရာ ယာဉ်မှူးဟောင်းကြီး ဦးကံလှက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

**မောင်မောင်(ကျောက်မဲ)**

## နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်

**ကွတ်ခိုင် စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို စက်တင်ဘာ ၈ ရက်က ကွတ်ခိုင်မြို့ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အသက် ၁၀ နှစ်ပြည့်နှင့် အသက် ၁၈ နှစ်အထက် ၁၂၄ ဦးတို့အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၂၄ ကတ်ကို ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

Junction Centre Maw Tin

"လေးစားစွာအသိပေး အကြောင်းကြားခြင်း"

Junction Centre များတွင် စဉ်ဆက်မပြတ် ဝယ်ယူအားပေးလျှက်ရှိသော ဈေးဝယ်သူများ၊ Junction Centre များနှင့် လက်တွဲဆောင်ရွက်လျှက်ရှိသော Business Partner များအတွက် ပိုမိုကောင်းမွန်သော Service & Facilities များ ဆောင်ရွက်ပေးရန် ရည်ရွယ်၍ Junction Centre Mawtin တွင် အကြီးစားပြင်ဆင်မှုလုပ်ငန်းများအား ၂၀၁၄ခုနှစ်၊ ဇူလိုင်လ မှ အောက်တိုဘာလအထိ ပြုလုပ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အကြီးစားပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း Junction Centre Mawtin အား ခေတ္တယာယီ ပိတ်ထားမည်ဖြစ်ပါကြောင်း ဈေးဝယ်သူများ၊ Junction Centre များနှင့် လက်တွဲဆောင်ရွက်လျှက်ရှိသော BusinessPartner များသို့ ခင်မင်လေးစားစွာ အကြောင်းကြားအပ်ပါသည်။

Junction Centre Mawtin ခေတ္တယာယီ ပိတ်ထားချိန်တွင် ဆက်လက်ဖွင့်လှစ်မည့်ဆိုင်ခန်းများ
City Mart Supermarket, mDrive (authorised seller),
Swensen's (ice cream), FITNESS XPRESS (Body Fitness)

For more information
Please contact us : 01 218161, 09 73120648
Email : mawtincentre@gmail.com

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# အလယ်တန်းကျောင်းမှ အထက်တန်းကျောင်း(ခွဲ)တိုးမြှင့်ဖွင့်



**တပ်ကုန်း စက်တင်ဘာ ၁၀**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် သံပုရာကုန်းကျေးရွာအုပ်စု သံပုရာကုန်းကျေးရွာတွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အခြေခံပညာအလယ်တန်းကျောင်းအဆင့်မှ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဆင့် တိုးမြှင့်ဖွင့်လှစ်ပွဲကို စက်တင်ဘာ ၉ ရက် နံနက် ၁၀ နာရီက အဆိုပါ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ပညာရေးတာဝန်ခံ ဦးဖုန်းဇော်ဟန်၊ နေပြည်တော်ကောင်စီဝင် တပ်ကုန်းမြို့နယ်တာဝန်ခံ ဦးမြင့်ရွှေ၊ နေပြည်တော်ပညာရေးမှူးတို့ တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ဓာတ်ပုံ)** နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်က အထက်တန်းကျောင်း(ခွဲ)အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခဲ့၍ ကျောင်းသား ကျောင်းသူများ အထက်တန်းပညာကို တစ်နေရာတည်းတွင် သင်ကြားနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**မောင်လွင်(တပ်ကုန်း)**

# နတ်တလင်းမြို့နယ်ရှိ ငရုတ်စိုက်တောင်သူများ ဈေးကောင်းရ

**နတ်တလင်း စက်တင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် အနောက်ခြမ်း ကျေးရွာဖြစ်သော ဇီးပင်တွေ့ရွာ၊ တာကျိုးရွာ၊ ချောင်းကမ်းရွာ၊ ကွဲသေရွာ၊ ဘုရားထုရွာ၊ ညောင်ငုတ္တိုရွာ စသောရွာများတွင် ငရုတ်စိုက်တောင်သူများ ဈေးကောင်းရ၍ စီးပွားရေးအဆင်ပြေကြောင်း သိရသည်။ ကွဲသေရွာမှ ငရုတ်စိုက်တောင်သူတစ်ဦးက "မနှစ်တုန်းက ငရုတ်သီးဈေး သိပ်မကောင်းဘူး။ တစ်ပိဿာကို ငွေကျပ် ၄၀၀ ဈေးက အများဆုံးပဲ။ အခုနှစ်ကျတော့ ငရုတ်စပေါ်ကတည်းက တစ်ပိဿာကို ငွေကျပ် ၇၀၀ ကနေ ၉၀၀ အထိပေါက်ဈေးရှိနေတော့ အဆင်ပြေပါတယ်" ဟုပြောသည်။ တာကျိုးရွာမှ တောင်သူတစ်ဦးကလည်း "ငရုတ်တစ်ကြိုးစိုက်လို့ ငရုတ်သီးလှိုင်လှိုင်ခူးရပြီဆိုရင် ပိဿာချိန် ၁၅၀ နဲ့ ၂၀၀ ကြားမှာထွက်တယ်။ ငရုတ်သီးခူးတဲ့အလုပ်သမားခကတော့ တစ်ပိဿာကို ငွေကျပ်၁၅၀ နဲ့ ၂၀၀ ပေးရတယ်။ ၁၅ ရက်တစ်ကြိမ်ခူးရတော့ ငရုတ်တစ်ကြိုးကို အလုပ်သမားခနုတ်ပြီး ငွေကျပ်ရှစ်သောင်းလောက် ကျန်ပါတယ်။ ပြီးတော့ ဆိုင်ကယ်ဆွဲတဲ့သူတွေ စက်ဘီးဆွဲတဲ့သူတွေလည်း အဆင်ပြေကြတယ်။ လက်လုပ်လက်စားသမားတွေ စားရေးသောက်ရေး အဆင်ပြေတယ်။ တောင်သူလယ်သမားတွေမှာ အခုလိုလယ်ပြီး မိုးနှောင်းကာလမှာ အလုပ်အကိုင်တွေရှိတော့ အဆင်ပြေပါတယ်"ဟု ပြောသည်။

**တင်မြင့်(နတ်တလင်း)**

# အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၀-၉-၂၀၁၄

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၅၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၂၃၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၅၉၂၀၀ |

**စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၁၀၀၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၉၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၁၂၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၄၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၈၀၀-၄၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၃၂၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၆၇၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၃၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၄၈၀၀-၆၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၂၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၀၀၀-၉၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၇၀-၉၇၃ |
| ဥရောပ | တစ်ယူရို | ၁၃၃၅-၁၃၄၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၉-၇၈၆ |
| ထိုင်း | တစ်ဘတ် | ၃၁.၂-၃၂.၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၂၃ |
| တရုတ် | တစ်ယွမ် | ၁၆၀-၁၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၇-၃၁၂ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| မိုးဆန်(ဧည်ယာအသစ်) | တစ်အိတ် | ၁၇၈၀၀-၁၈၀၀၀ |
| ပေါ်ကွဲ (အသစ်) | တစ်အိတ် | ၂၂၅၀၀-၂၃၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၈၀၀၀-၃၂၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၃၈၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၅၅-၁၃၆၀ |
| ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၂၁၅-၅၅၀ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၂၅၀-၁၇၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၃၀၀-၁၃၂၅ |
| အာလူး(ရှမ်း) | တစ်ပိဿာ | ၄၀၀-၆၈၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၃၀၀-၂၄၀၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၄၂၀၀-၅၀၀၀ |
| သကြား | တစ်ပိဿာ | ၈၉၀-၉၃၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံတင်ပြသည်။

# သဘာဝရေပြင်အတွင်းသို့ ငါးမျိုးများစိုက်ထည့်

**မိုးညို စက်တင်ဘာ ၁၀**

သာယာဝတီခရိုင် မိုးညိုမြို့နယ် ဘုရားငူအုပ်စု ထန်းပင်ကုန်းတံတားအနီး သဘာဝရေပြင်အတွင်းသို့ စက်တင်ဘာ ၉ ရက်က ငါးမြစ်ချင်း၊ ငါးသန် ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနား ကျင်းပသည်။

ငါးလုပ်ငန်းဦးစီးဌာန အနေဖြင့် ငါးမြစ်ချင်း၊ ငါးသန်ငါးများကို လှူတပ်ပေးခြင်းဖြစ်ပြီး ငါးအကောင်ရေ ၅၀၄၂၅၀ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**ခင်လတ်(မိုးညို)**






ကြော်ငြာ


တောင်ကြီး **နန်းထိုက်ရွှေစင်**

ချယ်ရီမြေ-တောင်ပေါ် မြို့မှာ
အဆင့်မြင့်မြင့်၊ သပ်ရပ်၊ ခန့်ထည်၊ စိတ်ချမ်းမြေ့စွာ နေလိုသူများအတွက် အခွင့်အရေး

## တောင်ကြီးမြို့၏ ပထမဦးဆုံးသော (၁၆) ထပ် ကွန်ဒိုမီနီယံ




### နိုင်ငံတကာအဆင့်မီ CONDO အင်္ဂါရပ်များနှင့် အညီ ဖွဲ့စည်းတည်ဆောက်ထားသည်။

အသေးစိတ်အသေး ကို တန်ဖိုးထားပြီး နိုင်ငံတကာအဆင့်မီ ဆောက်လုပ်ရေးပစ္စည်းများဖြင့် စနစ်တကျ တည်ဆောက်ထားပါသည်။

- တောင်ကြီးမြို့၏ အလှဆုံး၊ မြို့၏အမြင့်ပိုင်းတွင်ရှိပြီး
- မြတ်နန္ဒာဂူနန်း၏မြောက်ဘက်၊ တောင်ကြီးတောင် နောက်ခံလျက်
- အေးချမ်းသပ်ရပ်သော မြို့လယ်ဝန်းကျင်၊ လမ်းကျယ်နှစ်ခုဆုံရာထောင့်တွင် တည်ရှိသည်။

**CONDO သာယာရေးရန်ပုံငွေ အဖြစ် ကျပ်သိန်း (၅၀၀) ကို ကုမ္ပဏီမှ မ, တည် ထည့်ဝင်ပေးထားပါမည်။**

- ကိုယ်ပိုင်မြေနေရာတွင် တည်ဆောက်ထားပါသည်။
- အခန်းတိုင်းသည် ထောင့်ခန်းများ ဖြစ်သည်။ (အလွှာတိုင်းကို (၄) ကွက်စီစီ၍ အခန်းဖွဲ့ထားသည်။)
- မိသားစုနေထိုင်နိုင်သော အခန်းကျယ်များဖြစ်သည်။
- မြေအောက် Car & Cycle Parking လုံလောက်စွာ ပါရှိသည်။
- မြန်နှုန်းမြင့်ဓါတ်လှေကား (၂) စင်း (Car Parking မှ ခေါင်မိုးထပ်ထိ တပ်ဆင်ထားသည်။)
- လုံလောက်သောရေ (အဝီစိ (၂) တွင်းနှင့် စည်ပင်သာယာရေးလိုင်းတို့မှ ရရှိသည်။)
- ဂါလံ (၂၅၀၀၀) ဆန့် ရေလှောင်ကန် (မြေအောက်တွင် ပါရှိသည်။)
- ထုံးသန့်စင်စက်တပ်ဆင်၍ ရေကို အသုံးပြုပါမည်။
- အရေးပေါ်မီးသတ်စနစ် (၂) မျိုး တပ်ဆင်ထားပါမည်။

**ROOFTOP** ခေါင်မိုးထပ်တွင်
- (ကလေး+လူကြီး) ရေကူးကန်
- Gym အားကစားခန်းမ (1020 sq.ft)
- Sauna ချွေးထုတ်ခန်း (၂) ခန်း
- ဓါတ်ကြိုက်လှေကျင့်ခန်း
- B.B.Q အသားကင်ကောင်တာ
- Pool Side Area (Private Party ကျင်းပနိုင်ရန် 900 sq.ft)
- ခေါင်မိုးပန်းခြံ (3600 sq.ft)
(အနားယူ၊ အပန်းဖြေ၊ လေညှင်းခံ၊ ရှုခင်းကြည့် စရိုယာ)

တောင်ကြီးမြို့တွင် အစောဆုံးဖြစ်နိုင်၊ ပြသထားပါမည်။

| ROOM TYPES | |
|---|---|
| 2170 sq.ft | (3) M.bed + (1) Cm.bed + (1) Maid Rm |
| 1950 sq.ft | (3) M.bed + (1) Maid Rm |
| 1865 sq.ft | (2) M.bed + (1) Cm.bed + (1) Maid Rm |
| 1770 sq.ft | (2) M.bed + (1) Cm.bed + (1) Maid Rm |

**ရောင်း/ငှားရန်** မြေညီထပ်နှင့် (ပ)ထပ်မျက်နှာစာတွင် ဘဏ်၊ ကုမ္ပဏီရုံးခန်းကြီး/ငယ်၊ Show Room၊ ဆိုင်ခန်းကြီး/ငယ် ဖွင့်နိုင်သော (620 sq.ft, 1850 sq.ft, 3920 sq.ft, 7745 sq.ft) ဧရိယာ ပါရှိသည်။

ငွေပေးချေမှုပုံစံ
- (ပ) ခုလတွင်... လစဉ် 10% စီဖြင့် 30% ပေးသွင်းရန်။
- 65% ကို (ပ) အသုတ်ပေးသွင်းပြီး (နောက်တစ်လမှစ၍) 2015 December အထိ လစဉ် အချိုးကျ ပေးသွင်းရန်။
- 5% ကို အခန်းအပ်ရက်တွင် ပေးသွင်းရန်
2016 February နောက်ဆုံးထား၍ အခန်းအပ်ပါမည်။

LIKE US ON facebook
www.facebook.com/TaunggyiNangHtikeShweSin

(၁၁.၉.၂၀၁၄)နေ့တွင် စတင်ရောင်းချပါမည်။
အခန်းပေါင်း (၅၀) ပါဝင်သည်။

Master Bed Room


Rooftop Swimming Pool


Kitchen


Living & Dining Room


ဆက်သွယ်ရန် - အမှတ် (၁၀၀)၊ သီတာလမ်း၊ (အိမ်ရှေ့ - ပုံနှိပ်လုပ်ငန်း)၊ ညောင်ရွှေဟော်ကွန်းရပ်၊ တောင်ကြီးမြို့။ Ph: 09-5211622, 09-5211655, 09-5210496

# ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး မူခင်းပညာပေးဟောပြောပွဲ တက်ရောက်ဟောပြော

**မင်းလှ စက်တင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့ ညောင်ဝန်းကျေးရွာ ညောင်ဝန်းကျောင်းတိုက်တွင် စက်တင်ဘာ ၅ ရက်က မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းလှိုင်က အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရွှေသောင်းက လူမှောင်ခိုကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောခဲ့သည်။ ထို့နောက် မင်းလှမြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်က မူခင်းဖြစ်စဉ်များနှင့် ပတ်သက်၍လည်းကောင်း၊ အုပ်ဖိုမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးငွေတိုးက ကလေးသူငယ်နှင့် ပတ်သက်၍ သိသင့်သိထိုက်သည်များကိုလည်းကောင်း၊ မင်းလှမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဇော်က လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောခဲ့သည်။ ဆက်လက်၍ မင်းလှရဲစခန်း ဒုတိယရဲမှူးစိုးနိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ အသိပညာပေးဟောပြောရာ တက်ရောက်သူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မင်းလှ/အုတ်ဖိုမြို့နယ် အုပ်ချုပ်ရေးမှူးများ၊ မြို့နယ် ရဲတပ်ဖွဲ့မှူးများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

(ဝဇီရ)



ဝက်လက်မြို့နယ်အတွင်း(ရန်ကုန်) ၏ အဋ္ဌမအကြိမ်မြောက်နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ဩဂုတ် ၃၀ ရက်က ကမ္ဘာအေးဘုရားလမ်းရှိ ဓမ္မစကြာရိပ်သာကျောင်း၌ ကျင်းပရာ ဝက်လက်မြို့နယ်သူ မြို့နယ်သားများမှ အသင်းရန်ပုံငွေကို အသင်းဥက္ကဋ္ဌ ဦးအေးကိုထံပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

# မြန်မာအိုးပင်း စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၀**

မြန်မာနိုင်ငံတွင် စစ်တုရင်အားကစားသမားမျိုးဆက်သစ်များ ပေါ်ထွက်လာစေရန်ရည်ရွယ်လျက် အောင်ဆန်းအားကစားကွင်း၌ လာမည့်အောက်တိုဘာလ၌ မြန်မာအိုးပင်းစစ်တုရင်ပြိုင်ပွဲ ၂၀၁၄ ကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အဆိုပါစစ်တုရင်အိုးပင်းပြိုင်ပွဲကို အောက်တိုဘာ ၇ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်း စစ်တုရင်အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်းဖြင့် အရည်အချင်းပြည့်ဝသည့် အားကစားသမားကောင်းများ ပေါ်ထွက်လာမည်ဖြစ်ကြောင်း စစ်တုရင်အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ အဆိုပါပြိုင်ပွဲ Level ၁ မှ ၂၄ အထိ အနိုင်ရရှိသူများသည် နိုဝင်ဘာလတွင် မြန်မာနိုင်ငံ၌ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ အိုးပင်းစစ်တုရင်ပြိုင်ပွဲ ၂၀၁၄ အတွက် ပါဝင်ယှဉ်ပြိုင်ရန် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်နွေသစ်**

# စစ်တွေမြို့၌ ဆရာတော်ဦးဥတ္တမနေ့ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်ကျင်းပ

**စစ်တွေ စက်တင်ဘာ ၁၀**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ စက်တင်ဘာ ၉ ရက်တွင်ကျရောက်သည့် ဆရာတော်ဦးဥတ္တမနေ့(၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဂုဏ်ပြုပူဇော်ပွဲကို ဦးဥတ္တမပန်းခြံနှင့်ရွှေစေတီကျောင်းတိုက်တို့၌ကျင်းပရာ ကြိတ်ကြိတ်တိုးစည်ကားခဲ့သည်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခမ်းအနားကို ဦးဥတ္တမခန်းမ၌ ယနေ့နံနက်ကကျင်းပရာ ဆရာတော်၊ သံဃာတော်တို့အား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဆရာတော်ရုပ်တု၌ အောက်မေ့ဆုတောင်း ပန်းကပ်ပူဇော်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့နောက် ရဟန်း၊ ရှင်၊ လူပြည်သူအပေါင်းတို့ကလည်း ဆရာတော်အား အောက်မေ့ပူဇော်ကန်တော့ပွဲကို အသင်းအဖွဲ့အလိုက်၊ ရပ်ကွက်အလိုက်၊ ကျောင်းသား ကျောင်းသူများအလိုက် နံနက်ပိုင်းမှစ၍ ဦးဥတ္တမပန်းခြံ၌ စီတန်းလှည့်လည်ကန်တော့ကြရာ စည်ကားခဲ့သည်ကိုတွေ့ရပြီး ဆရာတော်ငယ်စဉ်က ပညာသင်ကြားခဲ့သော ရွှေစေတီကျောင်းတိုက်၌လည်း ဆရာတော်အားရည်စူး၍ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် မီးထွန်းပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်းသိရသည်။

**တောသားစံ(စစ်တွေ)**

# အမြန်ကားလမ်းပေါ်တွင် ယာဉ်တိမ်းမှောက်၍သေဆုံးသွားသည့် တရုတ်နိုင်ငံသားသုံးဦး၏ ပစ္စည်းများ ပြန်လည်ပေးအပ်

**မိတ္ထီလာ စက်တင်ဘာ ၁၀**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် စက်တင်ဘာ ၃ ရက်က ယာဉ်မောင်း ဇော်နိုင်ထွန်းမောင်းနှင်လာသည့်ယာဉ်တိမ်းမှောက်၍ တရုတ်နိုင်ငံသားသုံးဦးဖြစ်ကြသော CHEN RUNROI (၄၆နှစ်) ကွမ်တုံပြည်နယ် တရုတ်နိုင်ငံသား CHEN XIMU (၄၀နှစ်)နှင့် CHEN YUEQUI (၄၁နှစ်)တို့သည် နေရာတွင်ပင် သေဆုံးသွားခဲ့သည်။ ၎င်းယာဉ်တိမ်းမှောက်သည့် နေရာသို့ သီးကုန်းအမြန်လမ်း ရဲတပ်ဖွဲ့မှ စခန်းမှူးနှင့်အဖွဲ့က သွားရောက်ပြီး သေဆုံးသူသုံးဦးနှင့် ဒဏ်ရာရရှိသူ ယာဉ်မောင်းတို့ကို မန္တလေးဆေးရုံကြီးသို့ တင်ပို့ခဲ့သည်။ တရုတ်နိုင်ငံသားသုံးဦးနှင့် ယာဉ်မောင်းတို့၏ ပစ္စည်းများကို စနစ်တကျရှာဖွေသိမ်းဆည်းပြီး ရဲစခန်းတွင် သိမ်းဆည်းထားခဲ့သည်။

မိတ္ထီလာမြို့နယ် သီးကုန်းအမြန်လမ်းရဲစခန်းတွင် စက်တင်ဘာ ၈ ရက်က ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေဝင်း၊ တရုတ်ကောင်စစ်ဝန်ရုံးမှ အရာရှိတစ်ဦးနှင့် သေဆုံးသူ တရုတ်နိုင်ငံသားသုံးဦး၏ မိဘဆွေမျိုးများ၊ ယာဉ်မောင်းဇော်နိုင်ထွန်း၏ မိဘဆွေမျိုးများကို အမြန်လမ်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေဝင်းက သီးကုန်းရဲစခန်းမှ သိမ်းဆည်းထားသော သေဆုံးသူများ၏ ပစ္စည်းများဖြစ်သော အဝတ်အထည်၊ စာရွက်စာတမ်းများထည့်သည့် ခရီးဆောင်အိတ် အနက်ကြီးနှစ်လုံး၊ ပိုက်ဆံအိတ်လေးလုံး၊ တရုတ်ယွမ် ၁၈၃၃၆ ရွက်၊ ဟောင်ကောင်ဒေါ်လာ ၃၇ ဒသမ၇၀ ဒေါ်လာ၊ ယူရို ၁၂၉၀၊ အမေရိကန်ဒေါ်လာ ၂၃၅ ဒေါ်လာ၊ အင်ဒိုနီးရှားရင်းဂစ် ၂၀၂၀၀၀၊ ဂျပန်ယမ်း ၅၀၀၂၊ မလေးရှားရင်းဂစ် ၅၃၊ ထိုင်းဘတ်ငွေ ၅၆၂၀၊ ဗီယက်နမ်ဒေါင် ၇၅၀၀၊ ဘင်္ဂလားဒေ့ရှ် ဒါကာ ၁၇၅၊ မြန်မာငွေကျပ် ၇၄၇၀၀၊ iPhone သုံးလုံး၊ iPad တစ်လုံးနှင့် ပတ်စ်ပို့သုံးခုတို့ကိုသေဆုံးသူ တရုတ်အမျိုးသားသုံးဦး၏ မိဘဆွေမျိုးများနှင့် ယာဉ်မောင်းဇော်နိုင်ထွန်း၏ မိဘဆွေမျိုးများအား အသိသက်သေများရှေ့မှောက်တွင် ပြန်လည်လွှဲပြောင်း ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**



**တင်လှိုင်(မိတ္ထီလာ)**

# နေပြည်တော် ဥတ္တရခရိုင်ရဲတပ်ဖွဲ့ အမှုထမ်းများ စွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၁၀**

နေပြည်တော် ဥတ္တရခရိုင်ရဲတပ်ဖွဲ့ အမှုထမ်းများ စွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းကို စက်တင်ဘာ ၆ ရက်က နေပြည်တော် ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ ကျင်းပသည်။

သင်တန်းသို့ ဥတ္တရခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှဝင်း၊ ဒုခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းတင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်များမှ အမှုထမ်းအဆင့် တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှဝင်းက ရဲတပ်ဖွဲ့အတွင်း ခေါင်းဆောင်မှု၊ ရဲတပ်ဖွဲ့ဝင်တိုင်း ဥပဒေပညာကျွမ်းကျင်မှုရှိစေရေးနှင့် ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းတင်က ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစဉ်တို့ကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**(ခရိုင်ရဲတပ်ဖွဲ့)**


### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ယ/၅၀၅၅ Felling 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဝင်း ၉/မနမ(နိုင်)၀၇၆၄၈၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၉၃၄၉ Luojia LJ 110ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုချိုဝင်း ၃/ကကရ(နိုင်)၀၆၂၈၈၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မလစ်ကျေးရွာ ထ(ခွဲ)တက္ကသိုလ်ဝင်တန်းမှ မောင်အေးငြိမ်းဇော်၏ဖခင်အမည်မှန်မှာ ဦးသန်းဦး(ခ)ဦးသန်းနိုင်ဦး ၁၂/လကန(နိုင်)၁၅၅၈၄၇ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

တန့်ဆည်မြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(D)မှ မမိုမိုဝင်းနှင့် တတိယတန်း(B)မှ မောင်စည်သူကိုတို့၏ဖခင်အမည်မှန်မှာ ဦးသန်းညွန့် ၅/တဆန(နိုင်)၀၀၃၈၃၀ ဖြစ်ပါသည်။

**ဦးသန်းညွန့်**

### ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၇၃၃၇၇ Honda Click 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ထွန်းနိုင် ၉/မဟမ(နိုင်)၀၀၆၃၄၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ဖခင်အမည်မှန်

တန့်ဆည်မြို့၊ အထက(၂)နဝမတန်း(C)မှ မောင်ငွေငွေထွန်းနှင့် သတ္တမတန်း(B)မှ မစိုးစန္ဒာအေးတို့၏ ဖခင်အမည်မှန်မှာ ဦးကြီးမြင့် ၅/တဆန(နိုင်)၀၇၁၇၈၂ ဖြစ်ပါသည်။

**ဦးကြီးမြင့်**

### ဖခင်အမည်မှန်

တန့်ဆည်မြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(D)မှ မဝင်းနန္ဒာမြင့်နှင့် ဆဋ္ဌမတန်း(B)မှ မသက်မွန်မြင့်တို့၏ဖခင်အမည်မှန်မှာ ဦးအောင်တင်မြင့် ၅/တဆန(နိုင်)၀၀၃၉၈၂ ဖြစ်ပါသည်။

**ဦးအောင်တင်မြင့်**

### ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၇၂၀၉၆ New Anbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဝင်း ၉/ခမစ(နိုင်)၀၅၈၄၇၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရေဦးမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(B)မှ မချောစုမွန်၏ဖခင် ဦးလှဇော်ဦး(ခ)ဦးဇော်ဦး ၅/ရဥန(နိုင်)၀၆၄၃၀၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဇော်ဦး**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၆၂၆၅၂ ယာဉ်လက်ဝယ်ရှိသူ ဦးစိုးစိုးနိုင် ၉/တသန(နိုင်) ၁၁၄၂၀၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံမြို့)**

### ဖခင်အမည်မှန်

တန့်ဆည်မြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(E)မှ မောင်ရှိုင်းကိုဦးနှင့် သဲစားကျေးရွာ မူလတန်းလွန်ကျောင်း ပဉ္စမတန်းမှ မမြတ်နိုးဦးတို့၏ ဖခင်အမည်မှန်မှာ ဦးရဲကိုကို ၅/တဆန(နိုင်)၀၇၆၂၉၀ ဖြစ်ပါသည်။

**ဦးရဲကိုကို**

### ဖခင်အမည်မှန်

တန့်ဆည်မြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(A)မှ မကေသီမြင့်၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် ၅/တဆန(နိုင်)၀၅၃၁၆၉ ဖြစ်ပါသည်။

**ဦးဝင်းနိုင်**

### အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၄)၊ ဦးပိုင်အမှတ်(၆က/၇)၊ ဧရိယာ ၀ဒသမ ၀၄၄ဧကရှိ ဦးဝင်းသိန်းအမည်ပေါက် မြေဂရန်ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဦးဝင်းသိန်း ၁၃/လရန(နိုင်)၀၁၄၇၁၄**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရေဦးမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(J)မှ မလင်းဇာလွင်၏ဖခင် ဦးထွန်းသေး(ခ)ဦးထွန်းငြိမ်း ၅/ရဥန(နိုင်)၀၅၆၀၄၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးထွန်းငြိမ်း**

### မိဘအမည်မှန်

တန့်ဆည်မြို့ အထက(၁)တက္ကသိုလ်ဝင်တန်း(C)မှ မမြင့်မြတ်အေးနှင့် ဖားကန့်မြို့ မော်မောင်းလယန် မူလွန်ကျောင်းမှ မောင်ထွန်းလင်းအောင်တို့၏ မိဘအမည်မှန်မှာ ဦးကြွယ်မျိုးဝင်း ၅/တဆန(နိုင်) ၀၀၃၆၆၈ နှင့် ဒေါ်နန်းခမ်းအောင် ၁၃/သပန(နိုင်)၀၂၅၃၉၅ ဖြစ်ပါသည်။

**ဦးကြွယ်မျိုးဝင်း-ဒေါ်နန်းခမ်းအောင်**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ခ/၄၉၃၂၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ ကျောက်မဲ**

### အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၅)၊ ဦးပိုင်အမှတ်(၃၂၄)၊ ဧရိယာ ၀ဒသမ ၀၈၂ဧကရှိ ဒေါ်လွမ်းယိမ်းအမည်ပေါက် မြေဂရန်ပျောက်ဆုံးသွားပါသဖြင့် Special Power ရရှိသူ ဒေါ်အေးအိမ်မှ မြေငှားဂရန်အသစ် ပြန်လည်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်အေးအိမ် ၁၃/လရန(နိုင်)၀၄၆၄၀၁**

### အမည်ပြောင်း

ဦးညွန့်ရွှေ ၇/ရကန(နိုင်)၀၂၅၂၃၈ ၏သမီး အထက တံခွန်တိုင်၊ ရွှေကျင်မြို့၊ အဋ္ဌမတန်း(B)မှ မအိသက်ထားတင်အား ယနေ့မှစ၍ မအိအိသော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မအိအိသော်**

### တစ်ဦးတည်း ဖြစ်ကြောင်း

ရေဦးမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(H)မှ မနုနုထွေး၏ဖခင် ဦးမောင်မောင်(ခ)ဦးချစ်ဝင်းမှာ တစ်ဦးတည်းဖြစ်ကြောင်း။

**ဦးမောင်မောင် ၅/ရဥန(နိုင်)၀၄၂၀၇၁**

# ခရီးသည်တင်ယာဉ်များ စည်းကမ်းလိုက်နာရေး ညောင်ဦးမြို့ ပုဂံရှေးပြည်ကားဝင်းတွင် ရှောင်တခင်စစ်ဆေး




**ညောင်ဦး စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးပြည်ကားဝင်းအတွင်းရှိ ခရီးသည်တင် ယာဉ်လိုင်းများကို ခရီးသည်များ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်ကြွဲခိုင်မှုနှင့် စည်းကမ်းလိုက်နာမှု ရှိ မရှိ တို့ကို မြင်းခြံခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ စက်တင်ဘာ ၇ ရက်က စစ်ဆေးခဲ့ကြောင်း သိရသည်။

မြင်းခြံခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူးဦးလေးနိုင်၊ ကျောက်ပန်းတောင်းမြို့နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဌေး၊ ယာဉ်လုပ်ငန်းများကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးငြိမ်းမောင်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်သောအဖွဲ့က ညောင်ဦးမြို့မှ စတင်ထွက်ခွာမည့် ရွှေမန်းသူ၊ မန္တလာမင်း၊ ပုဂံမင်းသား၊ JJ Express နှင့် ELite စသည့် ယာဉ်လိုင်းများမှ အဝေးပြေးယာဉ်များကို စစ်ဆေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် အဝေးပြေးမော်တော်ယာဉ်ကြီးများတွင် ယာဉ်လိုင်စင်၊ လုပ်ငန်းလိုင်စင်၊ အရေးပေါ်ထွက်ပေါက် အသုံးပြု ရ မရ၊ ယာဉ်မောင်းနှစ်ဦး ပါ မပါ၊ ယာဉ်နောက်လိုက် ပါ မပါ၊ တာယာကောင်း မကောင်း၊ ရှောင်ပြန်ပြား ပါ မပါနှင့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ အရက်သေစာသောက်စားထားခြင်း ရှိ မရှိတို့ကို စစ်ဆေးပြီး လိုအပ်သည့်ပညာပေး ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ခရီးသွားပြည်သူများ ယာဉ်ထိခိုက်မှုအန္တရာယ် လျော့နည်းပပျောက်စေရေးနှင့် လမ်းအသုံးပြုသည့် ယာဉ်မောင်း၊ယာဉ်နောက်လိုက်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု အားကောင်းလာစေရေးတို့အတွက် အဝေးပြေးယာဉ်များကို သက်ဆိုင်ရာပူးပေါင်းအဖွဲ့များနှင့်အတူ ရှောင်တခင်စစ်ဆေးမှုများနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေအောင်**

## သတင်းတိုများ

### ဘိုကလေးတွင် သစ်ပင်မျိုးစုံ စုပေါင်းစိုက်ပျိုး

ဘိုကလေးမြို့နယ် စက်ဆန်း-ကျုံကဒွန်း ကားလမ်းတစ်လျှောက်တွင် ခရီးသွားပြည်သူများ ကားလမ်းတစ်လျှောက် အပန်းဖြေနားခိုနိုင်စေရေးအတွက် ဘိုကလေးမြို့နယ် သစ်တောဦးစီးဌာနမှ ကြီးမှူး၍ စက်ဆန်းကျေးရွာ၌ ၂၀၁၄ ခုနှစ် စတုတ္ထအကြိမ်မြောက် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို စက်တင်ဘာ ၇ ရက်က ကျင်းပခဲ့ရာ ယင်းမိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်တွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကံထွန်းနှင့် ဝန်ထမ်းများ၊ စက်ဆန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းနှင့် ရပ်မိရပ်ဖများ၊ ရဲစခန်းမှူးနှင့် အရာခံအကြပ်တပ်သားများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရွာသူ ရွာသားများ စုစုပေါင်း ၂၅၀ တို့က ယူကလစ်အပင် ၃၅၀၊ မာလာလူးကားပင် ၄၅ ပင်၊ မန်ကျန်ရှား ၁၆၅ ပင်၊ ကျွန်းအပင် ၄၀၀၊ မဟော်ဂနီ ၃၅ ပင်၊ ဖြူးရွှေဝါအပင် ၁၀၀ စုစုပေါင်းအရိပ်ရသစ်ပင် ၁၅၀၀ တို့ကို စုပေါင်းစိုက်ပျိုးကြသည်။

**မော်ကျွန်းမြင့်အောင်**

### စာတတ်မြောက်ရေးနေ့ စာစီစာကုံး၊ ပိုစတာပြိုင်ပွဲဆုများချီးမြှင့်

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် စာစီစာကုံး၊ ပိုစတာပြိုင်ပွဲဆုရသူများအား ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၈ ရက်က အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ပြီး ဆုပေးပွဲတွင် မြို့နယ်ပညာရေးမှူး ဦးမာန်လောမောင်းက အမှာစကားပြောကြားကာ စာတတ်မြောက်ရေးနေ့အထိမ်းအမှတ်စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲ ဆုရသည့်ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

### ယင်းမာပင်မြို့နယ်တွင် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုး

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် လည်ငေါက်ကျေးရွာအမက(မူလွန်)ကျောင်းတွင် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၂၉ ရက်က ကျင်းပခဲ့ရာ ယူကလစ်၊ ကျွန်း၊ တမာ၊ မန်ကျည်း၊ ကုက္ကို၊ စိန်ပန်း၊ အော်ရီးရှား၊ မဲဇလီ စသည့်ပျိုးပင်ပေါင်း ၃၇၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# မော်လမြိုင်ကျွန်းတွင် ပညာရေးဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အလှူငွေပေးအပ်



**မော်လမြိုင်ကျွန်း စက်တင်ဘာ ၁၀**

မော်လမြိုင်ကျွန်းမြို့နယ် တယ်ချောင်းကျေးရွာဘုန်းတော်ကြီးသင်ပညာရေး (အလယ်တန်း) ကျောင်း ပညာရေးဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာဒါနအလှူငွေကျပ် ၁၀ သိန်းနှင့် ကျောင်းသုံးစာရေးကိရိယာမျိုးစုံ ထောက်ပံ့ပေးအပ်လှူဒါန်းပွဲကို တယ်ချောင်းကျေးရွာဘုန်းတော်ကြီးသင်ပညာရေး (အလယ်တန်း)ကျောင်းခန်းမ၌ စက်တင်ဘာ ၇ ရက်က ကျင်းပသည်။

၄င်းပညာရေး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ပညာဒါနအလှူငွေကျပ် ၁၀ သိန်းကို အလှူရှင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းရှိ ဦးမောင်မောင်သန်း ဦးဆောင်သော မေတ္တာဖြူအင်အားစုအဖွဲ့က ထောက်ပံ့လှူဒါန်းရာ အဖွဲ့ကိုယ်စား အဖွဲ့ဝင် ဆရာဦးအောင်ကိုလတ်နှင့် ဆရာဦးသန့်ဇင်တို့က ပေးအပ်ပြီး တယ်ချောင်းကျေးရွာဘုန်းတော်ကြီးသင်ပညာရေး(အလယ်တန်း) ကျောင်းနာယကအဖွဲ့ဝင်များက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

